
mgyoe.com
SAMPLE BOOK

ဥပဒေ ကျောင်းသူကျောင်းသားများအတွက် အထူးထုတ်

# လွယ်ကူလေ့လာ
# ရာဇသတ်ကြီးဋီကာ



ဦးအယ်လင်စိန်မောင်
B.A (Law), LL.B, LL.M

mgyoe.com

mgyoe.com SAMPLE BOOK

ပြည်သူတို့ သိသင့်သိထိုက်သော ပြစ်မှုဆိုင်ရာ ဥပဒေထဲမှ အဓိကကျသည့် ရာဇသတ်ကြီးပါ အရေးပါသော ပြဋ္ဌာန်းချက်များကို ကောက်နုတ်ချက်၊ ဥပမာ ရှင်းလင်းချက်၊ စီရင်ထုံးများနှင့်အတူ ဥပဒေ ကျောင်းသား ကျောင်းသူများ လွယ်လင့်တကူ လေ့လာနိုင်ရန် ကဗျာတိုကလေးများဖြင့် ထည့်သွင်း ရှင်းလင်းထားသည့် ဤစာအုပ်တွင် အောက်ပါ အခန်းများအတိုင်း ထည့်သွင်းဖော်ပြထားပါသည် –

- ကင်းလွတ်ရမြဲအချက်များ
  (General Exceptions)၊
- အားပေးကူညီမှု
  (Of Abetment)၊
- ပြစ်မှုကျူးလွန်ရန် အားထုတ်မှုများ
  (Of Attempts to Commit Offences)၊
- အကြံတူရှိခြင်းနှင့် ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှု
  (Common Intention and Criminal Conspiracy)၊
- ပြည်ထောင်စုနိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်သောပြစ်မှုများ
  (Of Offences against the State)၊
- နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ပျက်စေသော ပြစ်မှုများ
  (Of Offences against the Public Tranquillity)
- မမှန်သက်သေခံခြင်းနှင့် မမှန်သက်သေခံ ဖန်တီးခြင်း
  (Giving False Evidence and Farbricating False Evidence)၊
- လူ့ကိုယ်ကို ထိခိုက်သော ပြစ်မှုများ
  (Of Offences Affecting the Human Body)၊
- ပစ္စည်းကိုထိခိုက်သောပြစ်မှုများ
  (Of Offences against Property)၊
- ထိမ်းမြားခြင်းဆိုင်ရာ ပြစ်မှုများ
  (Of Offences Relating to Marriage)၊
- အသရေဖျက်မှု
  (Defamation)။

WISDOM HOUSE

NE LYNN TUN-2018

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

❑ ကျောင်းသူ ကျောင်းသားများ စာမေးပွဲအတွက် ဥပဒေ ဘာသာရပ်တစ်ခုကို ဖြေဆိုကြသောအခါ အလွတ် ကျက်မှတ်ရပါသည်။ ထိုအခါ ဥပဒေပါ အင်္ဂါရပ်များကို မှတ်မိလွယ်စေရန် ကဗျာဖြင့် ကျက်မှတ်စေပြီး ဝါကျ အထားအသိုကိုလည်း မူရင်းဥပဒေပါ အစီအစဉ်အတိုင်း လိုက်နာကာ စကားလုံးအသုံးအနှုန်းကအစ မူလ ဝေါဟာရများကို ပြန်လည် သုံးစွဲခြင်းဖြင့် ဥပဒေကို အစီအစဉ်တကျ ကျက်မှတ်ရ လွယ်ကူစေရန် ကြိုးပမ်းထားပါသည်။ ထို့ပြင် သက်ဆိုင်ရာ ဥပဒေ ပုဒ်မများအလိုက် စပ်ဆိုင်သည့် စီရင်ထုံးများကို တစ်ပါတည်း တွဲဖက် လေ့လာစေခြင်းဖြင့် ဥပဒေ၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ပို၍ ထဲထဲဝင်ဝင် သိမြင်စေရန် အားထုတ်ထားပါသည်။

*ပြုစုသူ၏ အမှာစကား* မှ

❑ ပူးပေါင်းကြံစည်မှု ရှိကြောင်း သက်သေထူရန်တာဝန်သည် တရားလိုဘက်၌ တည်ရှိသည်။ တရားခံများသည် အတူ သွားလာ ပေါင်းသင်းဆက်ဆံနေသည့် အကြောင်းကြောင့် ပူးပေါင်းကြံစည်မှု ရှိသည်ဟု ယူဆရန် မဟုတ်ပေ။ သို့ရာတွင် ပူးပေါင်းကြံစည်မှုများ၌ သာမန်အားဖြင့် တိုက်ရိုက် အထောက်အထားရရန် မလွယ်ကူသဖြင့် အမှုတွင် ပေါ်ပေါက်လျက် ရှိသော အကြောင်းခြင်းရာများကိုလိုက်၍ ပူးပေါင်းကြံစည်မှု ရှိသည်၊ မရှိသည် ဆိုခြင်းကို ဆုံးဖြတ်ရသည်။

*အကြံတူရှိခြင်းနှင့် ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှု* မှ

mgyoe.com

mgyoe.com SAMPLE BOOK

❑ ရာဇသတ်ကြီး ဥပဒေသည် ယင်း၌ ပြဋ္ဌာန်းထားသည့် ပြစ်မှု တစ်ခု ချင်းစီ၏ ပြစ်မှု အင်္ဂါရပ်များကို ပြည့်စုံစွာ စုစည်း ဖော်ပြနိုင်မှု တွင် လည်းကောင်း၊ ဝါကျဖွဲ့စည်းပုံ ကျစ်လျစ် ခွန်အားရှိမှုတွင် လည်းကောင်း စံပြုအပ်သည့် ဥပဒေပညာရပ်တစ်ခု ဖြစ်သည်ဟု ဆိုရလျှင် လွန်အံ့မထင်ပါ။ အချိန်ကာလ၏ စမ်းသပ်မှုကို ကြံ့ကြံ့ခံ၍ ဤဥပဒေကြီး ခေတ်အဆက်ဆက် ဖြတ်ကျော် တည်တံ့လာသည်မှာ ရာစုနှစ်နှင့်ချီ၍ ကြာရှည်ခဲ့ပြီ ဖြစ်ပါသည်။ နောင်တွင်လည်း (ခေတ် နှင့် လျော်ညီသော ပြင်ဆင်ချက်များနှင့်အတူ) အဓွန့်ရှည်စွာ ရပ် တည်နေဦးမည့် ဥပဒေ ဖြစ်သည်ဟု ယူဆရပါသည်။

*ပြုစုသူ၏ အမှာစကား မှ*

❑ လူပျိုတစ်ယောက်က အပျိုတစ်ဦးကို အတင်း ဆွဲခေါ်လျှင် ဖြစ်တတ် သော ဓမ္မတာသဘောအရ မတရားသဖြင့် ကာမ စပ်ယှက်ရန် အကြံ နှင့် ပြုလုပ်သည်ဟု ယူဆရမည်သာ ဖြစ်သည်။ ထိုကဲ့သို့သော ကြံ ရွယ်ချက် မရှိဟု ဆိုလျှင် မည်သည့်ကြံရွယ်ချက်နှင့် ဆွဲခေါ်သည် ဟု ထင်ရှားအောင် သက်သေပြရန် တာဝန်သည် သက်သေခံဥပဒေ ပုဒ်မ ၁၀၆ ၏ ဥပမာ (အေ) အရ တရားခံအပေါ်၌ ကျရောက် လျက် ရှိသည်။

*လူ့ကိုယ်ကို ထိခိုက်သော ပြစ်မှုများ မှ*

❑ တရားလိုသည် ၎င်း၏ဇနီးကို မသက်သာသဖြင့် ခရီးထွက်မည် ဆိုပြီး ချောင်းဖမ်းရာ တရားခံကို ညအချိန် အိမ်ပေါ်၌ မိသည်။ ထိုအချိန် က တရားလို၏ ဇနီးသည် အိမ်ကို လက်ရှိ ဖြစ်သော်လည်း တရားလို အနေနှင့် လက်ရှိ မဟုတ်ဟု မဆိုနိုင်သည့်အပြင် တရားခံသည် တရားလို၏ဇနီး ဖိတ်ခေါ်၍ လာခြင်း ဖြစ်သော်လည်း တရားလို၏ အခွင့်အရေးကို ဆန့်ကျင်ကာ လင်ရှိမယားကို ကျူးလွန်ရန် လာခြင်း ဖြစ်၍ ပြစ်မှု ကျူးလွန်ရန် အကြံဖြင့် ဝင်ရောက်သည်ဟု ယူဆရန် ဖြစ်ပေသည်။

*ပစ္စည်းကို ထိခိုက်သော ပြစ်မှုများ မှ*

mgyoe.com

mgyoe.com
SAMPLE BOOK

WISDOM HOUSE
စာအုပ် ၂၀၆

ဥပဒေ ကျောင်းသူကျောင်းသားများအတွက် အထူးထုတ်

# လွယ်ကူလေ့လာ ရာဇသတ်ကြီးဋီကာ

## ဦးအယ်လင်စိန်မောင်

WISDOM HOUSE
☎ ၀၁-၅၄၅၀၃၆၊ ၀၉-၅၀၅-၈၅၃၃၊ ၀၉-၄၃၀-၄၁၈၅၇။
*wisdomhouse.mm@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| ပထမအကြိမ် | မေလ၊ ၂၀၁၈ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်<br>Wisdom House စာအုပ်တိုက် (မြဲ - ၀၀၄၇၁)<br>အခန်း (၂၀၄)၊ တိုက် (၈၇၅-၈၇၆)၊<br>လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးတင်အောင်ကျော်<br>စွယ်တော်ပုံနှိပ်တိုက် (မြဲ - ၀၀၄၁၁)၊<br>အမှတ် (၁၄၇)၊ (၅၁) လမ်း (အထက်)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | ကိုကြီးဌေး |
| အတွင်းအပြင်အဆင် | H. Lwin |
| တန်ဖိုး | ၃၀၀၀ ကျပ် ၆၀၀၀ ကျပ် |

၉၄၀

အယ်လင်စိန်မောင်၊ ဦး

လွယ်ကူလေ့လာ ရာဇသတ်ကြီးဋီကာ / ဦးအယ်လင်စိန်မောင်

- ရန်ကုန်၊ Wisdom House စာအုပ်တိုက်၊ ၂၀၁၈။

၂၄၀-စာ၊ ၁၃ × ၂၀. ၅ စင်တီ။

(၁) လွယ်ကူလေ့လာ ရာဇသတ်ကြီးဋီကာ

mgyoe.com

mgyoe.com SAMPLE BOOK

## ဦးအယ်လင်စိန်မောင်

အဖ ဦးစိန်မောင်၊ အမိ ဒေါ်မြမြတို့မှ မွေးဖွားသည့် သားသုံးယောက် အနက် ဒုတိယမြောက် သား ဖြစ်သည်။ အမည်ရင်းမှာ ဦးအောင်လင်း ဖြစ်ပြီး မွေးသက္ကရာဇ်မှာ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့ ဖြစ်သည်။

မူလတန်းကို ရန်ကုန်မြို့ ခရစ်လမ်းရှိ Silva Dale English School က အောင်မြင်ပြီး အလယ်တန်းကို St. Johns Diocesan Boys High School က အောင်မြင်ကာ တက္ကသိုလ်ဝင်တန်းကို ၁၉၆၅ ခုနှစ်တွင် ရေကျော် အစိုးရ အထက်တန်းကျောင်းက အောင်မြင်ခဲ့သည်။

၁၉၆၅ ခုနှစ်တွင် မြန်မာစာ အဓိကဖြင့် မန္တလေးတက္ကသိုလ်တွင် ပထမနှစ်သင်တန်း တက်ရောက်ခဲ့ပြီး ဒုတိယနှစ်ကို ရန်ကုန်တက္ကသိုလ်သို့ ဥပဒေ အဓိကဖြင့် ပြန်လည်ပြောင်းရွှေ့ တက်ရောက်ကာ ၁၉၆၉ ခုနှစ် တွင် B.A (Law) ဘွဲ့ ရရှိခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် သမဝါယမဝန်ကြီးဌာနသို့ ဘွဲ့ရအလုပ်သင် အရာရှိအဖြစ် ဝင်ရောက်ခဲ့သည်။ အလုပ်သင်ကာလ တစ်နှစ် ပြည့် မြောက်ပြီးနောက် မြို့နယ်သမဝါယမအသင်းတွင် အငယ်တန်းမန်နေဂျာ (စီမံရေးရာ) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၇ ခုတွင် အလုပ်မှ နုတ်ထွက်ကာ တက္ကသိုလ် ပြန်လည် တက်ရောက်ပြီး ၁၉၇၈ ခုနှစ်တွင် LL. B ဘွဲ့ ရခဲ့သည်။

အထက်တန်းရှေ့နေအဖြစ် လုပ်ကိုင်နေဆဲတွင် ပါမောက္ခ ဆရာ ဦးတင်အုံး [B.A, B.L, LL.M (London)] ၏ တာဝန်ပေးချက်အရ ရန်ကုန်တက္ကသိုလ် ဥပဒေဌာနတွင် အချိန်ပြည့် စာစဉ်နည်းပြအဖြစ် လေးနှစ် တာဝန်ထမ်းဆောင်ခဲ့စဉ် တက္ကသိုလ် စာပေးစာယူသင်တန်း

mgyoe.com

mgyoe.com SAMPLE BOOK

(ယခု အဝေးသင် တက္ကသိုလ်) ဥပဒေ ကျောင်းသားကျောင်းသူများ အတွက် ဖွင့်လှစ်သော အနီးကပ်သင်တန်းများကို ရန်ကုန်တက္ကသိုလ်၊ မကွေးကောလိပ်၊ မော်လမြိုင်ကောလိပ်၊ မြစ်ကြီးနားကောလိပ်များသို့ တာဝန်ဖြင့် သွားရောက် သင်ကြားပေးခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် မဟာ ဥပဒေ (LL.M) ဘွဲ့ ရရှိသည်။

ဥပဒေဘွဲ့ရ သူငယ်ချင်း ငါးဦး စုပေါင်း၍ ၁၉၈၁ ခုနှစ်တွင် ရာဇာ ဥပဒေနည်းပြသင်တန်းကို ထူထောင်ခဲ့သည်။ ယင်းငါးဦးအနက် သုံးဦးမှာ လုပ်ငန်းတာဝန်အသီးသီးကြောင့် ဆက်လက် မပါဝင်နိုင်သောအခါ သင်တန်းတာဝန်ခံ ဦးစိုးမြင့် [B.A (Law), LL.B, LL.M] နှင့်အတူ ဥပဒေဘာသာရပ်များကို ခွဲဝေ တာဝန်ယူ သင်ကြားပေးနေရာ စာရေးသူက Jurisprudence, Law of Tort, မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ၊ Penal Code, Criminal Procedure, Conflict of Laws, Public International Law, Law of International Institutions, Transport Law, International Economic Law, Criminology, Shipping Law ၊ သက်သေခံ ဥပဒေ ဘာသာရပ်တို့ကို ယနေ့တိုင် သင်ကြားပေးလျက် ရှိသည်။

အမှတ် (၂၉၃)၊ (၄) လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဇနီးဖြစ်သူ ဒေါ်နုနုရီ (အလယ်တန်းပြ-ငြိမ်း) နှင့်အတူ နေထိုင်လျက်ရှိပြီး သား တစ်ဦးနှင့် မြေး တစ်ဦး ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- ❑ စိစဉ်သူ၏ နိဒါန်းစကား ... က
- ❑ ပြုစုသူ၏ အမှာစကား ... ဃ
- ❑ ပြစ်မှုအမျိုးအစားအလိုက်အညွှန်း ... ဇ

၁။ ကင်းလွတ်ရမြဲအချက်များ
(General Exceptions) ... ၁

၂။ အားပေးကူညီမှု
(Of Abetment) ... ၄၅

၃။ ပြစ်မှုကျူးလွန်ရန် အားထုတ်မှုများ
(Of Attempts to Commit Offences) ... ၆၅

၄။ အကြံတူရှိခြင်းနှင့် ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှု
(Common Intention and Criminal Conspiracy) ... ၆၉

၅။ ပြည်ထောင်စုနိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများ (Of Offences against the State) ... ၇၄

၆။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ပျက်စေသော ပြစ်မှုများ
(Of Offences against the Public Tranquillity) ... ၈၂

၇။ မမှန်သက်သေခံခြင်းနှင့် မမှန်သက်သေခံ ဖန်တီးခြင်း
(Giving False Evidence and Farbricating False Evidence) ... ၈၉


mgyoe.com

mgyoe.com SAMPLE BOOK


၈။ လူ့ကိုယ်ကို ထိခိုက်သော ပြစ်မှုများ
(Of Offences Affecting the Human Body) ၉၈

၉။ ပစ္စည်းကို ထိခိုက်သော ပြစ်မှုများ
(Of Offences against Property) ၁၅၀

၁၀။ ထိမ်းမြားခြင်းဆိုင်ရာ ပြစ်မှုများ
(Of Offences Relating to Marriage) ၂၀၅

၁၁။ အသရေဖျက်မှု
(Defamation) ၂၀၈

- ကျမ်းကိုးစာရင်း ၂၂၂
- စိရင်ထုံးအညွှန်း ၂၂၄


mgyoe.com

mgyoe.com SAMPLE BOOK

## စီစဉ်သူ၏ နိဒါန်းစကား

ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် ၁၉၇၉ခုနှစ်တွင် ဥပဒေဘွဲ့ အောင်မြင်ကြပြီးနောက် ၁၉၈၀ပြည့်နှစ်၊ ယခုလို ဧပြီလထဲမှာပင် ရန်ကုန်တက္ကသိုလ် ဥပဒေဌာနတွင် စာစဉ်နည်းပြရာထူး ရလာကြသည်။ ထိုစဉ်က ဥပဒေပညာကို တက္ကသိုလ် စာပေးစာယူ သင်တန်းတွင် စတင် ဖွင့်လှစ် သင်ကြားလာခါစ ဖြစ်၍ ဆရာ၊ ဆရာမ ဦးရေ အတော် လိုအပ်နေသောအချိန်လည်း ဖြစ်သည်။ ဥပဒေပညာဌာနကို ရန်ကုန်တက္ကသိုလ် တစ်ခုတည်းတွင်သာ ဖွင့်လှစ်ထားရာ ဆရာ၊ ဆရာမ ဦးရေနှင့် ကျောင်းသားပမာဏ မျှတခြင်း မရှိ၍ ပြင်ပမှ ဆရာ ဆရာမများကို အကူအညီတောင်းခံရသည်။ ထိုဆရာ၊ ဆရာမများက အချိန်ပိုင်းနည်းပြများ ဖြစ်ကြပြီး ကျွန်တော်တို့လို မဟာဥပဒေတန်း တက်ရင်း အလုပ်ဝင်လာကြသူများက အချိန်ပြည့် စာစဉ်နည်းပြများ ဖြစ်ကြသည်။

ထိုစဉ်က ဥပဒေပညာဌာန ပါမောက္ခ ကွယ်လွန်သူ ဆရာ ဦးတင်အုံး၊ ကျွန်တော်တို့ကို ကြီးကြပ်သူ ဆရာများက ဆရာ ဦးစိန်လှိုင် [နောင်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး (ငြိမ်း)၊ ယခုတော့ ကွယ်လွန်] နှင့် ဆရာဦးမောင်မောင်ခင် [နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)] တို့ ဖြစ်ပါသည်။ ကျွန်တော်တို့ မျက်နှာသစ်ကလေးများ (အလုပ်အတူဝင် သူငယ်ချင်းများက ယခုတော့ ပါမောက္ခများ



mgyoe.com

mgyoe.com
SAMPLE BOOK

အဖြစ်မှ အငြိမ်းစားပင် ယူသွားကြလေပြီ) က ကျွန်တော်တို့ထက် ဝါရင့်သော အစ်ကို အစ်မများဆီက နည်းခံ ဆည်းပူးရသည်။ အဲသည်တုန်းက အချိန်ပြည့် စာစဉ်နည်းပြ စုစုပေါင်းမှာ ၂၀ ကျော် ၃၀ ခန့် ရှိပါလိမ့်မည်။ ကျွန်တော်တို့အတွက် ထားပေးသော ရုံးခန်းမှာ ရန်ကုန်တက္ကသိုလ်ထဲမှ ဝိဇ္ဇာအဆောက်အအုံက အခန်းအမှတ် (၁၀)၊ လွယ်လွယ်ကူကူ A-10 လို့ပင် ခေါ်ကြသည်။ နောင် ဥပဒေပညာဌာန ရာမညဆောင်သို့ ပြောင်းသွားသည်။ အဲသည် A - 10 ဆိုတာကပင် နှုတ်ကျိုးနေဆဲ။ ကျွန်တော်တို့ အစ်ကိုအစ်မများနှင့် ချစ်ချစ်ခင်ခင် နေခဲ့ရသောကာလမှာ သုံးနှစ်ခန့်ပင် မရှိခဲ့သော်လည်း သံယောဇဉ်ကမူ အတော် ခိုင်ခဲ့ကြ ၍ ယခုဆို ၆၀ ကျော် ၇၀ ခန့်တိုင်အထိ ချစ်ချစ်ခင်ခင် ရှိမြဲပါပေ။

အဲသည် အစ်ကိုများ အစ်မများထဲမှာ စာသင် အတော်ကောင်း၍ ကျောင်းသား ကျောင်းသူများအကြားတွင် ရေပန်းစားသူတို့ ရှိခဲ့ဖူးကြသည်။ သူတို့တွေထဲမှာ ယခုစာအုပ် ပြုစုသူဆရာဦးအယ်လင်စိန်မောင်က တစ်ဦး အပါအဝင်။ အတန်းထဲတွင် မှတ်သားလောက်ဖွယ် သင်တတ်ရာတွင် သူ သင်သော ဘာသာရပ်အလိုက် ဥပမာ ဥပမေယျအပြင် စာကျက်ရ လွယ်အောင် ကဗျာတိုကလေးများ ဉာဏ်ကွန့်၍ ထွင်တတ်သေးသည်။ ထို့ကြောင့် ကျွန်တော်တို့ အစ်ကိုကြီးအတန်း ဆိုလျှင် ကျောင်းသားများ စိတ်ဝင်တစား တက်ခြင်း ဖြစ်ပါလိမ့်မည်။ နောင်တွင် ဦးစိုးမြင့်နှင့် ဦးအယ်လင်တို့ ဥပဒေ ကျောင်းသားများအတွက် 'ရာဇာ' သင်တန်းကို ဖွင့်လှစ်ခဲ့ရာ ယနေ့တိုင် ဥပဒေကျောင်းသူ ကျောင်းသား အများအပြားကို မွေးထုတ်ခဲ့ပြီးပင် ဖြစ်ပါသည်။

Wisdom House စာအုပ်တိုက်ကို တည်ထောင်စဉ်ကပင် ပညာရပ်များကို လွယ်ကူရှင်းလင်းစွာ ရေးသား၍ ပြည်သူများထံ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိလိုရင်း ဖြစ်ပါသည်။ သို့နှင့် မနှစ်ဇန်နဝါရီလက ကျွန်တော်တို့ A - 10 အဖွဲ့ဝင် အစ်ကို အစ်မများနှင့် ပြည်လည်ဆုံစည်းကြပါသည်။ ထိုနေ့က အစ်ကိုကြီး ကိုအယ်လင်နှင့် စကားစပ်မိသည့်ခါ သူ့သင်ကြားချက်များကို စာဖြင့် မှတ်တမ်းတင်ထားရန် တိုက်တွန်းခဲ့ရာမှ ယခုစာအုပ် ဖြစ်ပေါ်လာခြင်း


mgyoe.com

mgyoe.com
SAMPLE BOOK

ဖြစ်ပါသည်။ ရာဇသတ်ကြီးနှင့်ဆိုင်ရာ ဥပဒေစာအုပ် အများအပြား ရှိပြီး ဖြစ်ပါသည်။

ယခုစာအုပ်၏ ရည်ရွယ်ချက်မှာ ဥပဒေပညာ သင်ကြားနေသော ကျောင်းသားကျောင်းသူများကို လွယ်ကူစွာ လေ့လာနိုင်ရေးကို ဦးတည် ရည်ရွယ်ထားပါသည်။ ဥပဒေ၏သဘောမှာ တိကျမှု၊ ရှင်းလင်းပြတ်သားမှုနှင့် အများပြည်သူတို့အကြား နောင်တွင် ဝိဝါဒ မကွဲပြားနိုင်စေရေးကို ဦးတည် ရည်ရွယ်ရသည် ဖြစ်ရာ မိမိ၏ အတ္တနောမတိနှင့်လည်း ကင်းလွတ်နေမှသာ အမှန်သို့ ဆိုက်ရောက်နိုင်မည်ကိုလည်း သတိချပ်နိုင်ရပါမည်။

ဤသို့သော စေတနာများ အခြေခံ၍ ဆရာ ဦးအယ်လင်စိန်မောင်နှင့် ကျွန်တော်တို့ Wisdom House ပေါင်းစပ်မှုဖြင့် ထွက်ပေါ်လာသော ဤစာအုပ်ဖြင့် ဥပဒေ အသိပညာ ဖြန့်ဖြူးလိုရင်း ဖြစ်ပါကြောင်း မေတ္တာရည်၍ နိဒါန်းစကား ဆိုရပါသည်။

ကြည်ရွှန်း

၂၀၁၈ ခုနှစ်၊ ဧပြီလ (၉) ရက်။



mgyoe.com

mgyoe.com SAMPLE BOOK

# ပြုစုသူ၏ အမှာစကား

ကျောင်းသူကျောင်းသားများကို ရာဇသတ်ကြီး ဥပဒေ သင်ကြား ပေးရန် ကျွန်တော် ပြုစုထားခဲ့သော မှတ်စုနှင့် ကဗျာများသည် မိတ်ဆွေကြီး ဦးမောင်မောင် B.A (Law), LL.B, LL.M (စာရေး ဆရာ ကြည်ရွှန်း) ကြောင့် စာအုပ်ဘဝသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ရာ ဆရာကြည်ရွှန်းကို အထူး ကျေးဇူးတင်ပါသည်။

မူရင်း အိန္ဒိယ ရာဇသတ်ကြီး ဥပဒေကို ကမ္ဘာကျော် စာရေး ဆရာကြီး Sir Thomas Babington Macaulay နှင့်အဖွဲ့က ဦး ဆောင် ပြုစုခဲ့ပြီး ထိုဥပဒေကို မြန်မာဘာသာသို့ ပြန်ဆိုရာ၌လည်း လွန်စွာ လက်ရာမြောက်လှကြောင်းကို ယင်းပညာရှင်ကြီးများ၏ လက်ရာ စာတစ်မျက်နှာမျှကို မြည်းစမ်းကြည့်ရုံဖြင့် လယ်ပြင်တွင် ဆင်သွားသလို ထင်ရှားလှပါသည်။

တစ်နည်း ဆိုရသော် ရာဇသတ်ကြီး ဥပဒေသည် ယင်း၌ ပြဋ္ဌာန်းထားသည့် ပြစ်မှုတစ်ခုချင်းစီ၏ ပြစ်မှု အင်္ဂါရပ်များကို ပြည့်စုံစွာ စုစည်းဖော်ပြနိုင်မှုတွင်လည်းကောင်း၊ ဝါကျဖွဲ့စည်းပုံ ကျစ်လျစ် ခွန်အားရှိမှုတွင်လည်းကောင်း စံပြုအပ်သည့် ဥပဒေ ပညာရပ်တစ်ခု ဖြစ်သည်ဟု ဆိုရလျှင် လွန်အံ့မထင်ပါ။ အချိန် ကာလ၏ စမ်းသပ်မှုကို ကြံ့ကြံ့ခံ၍ ဤဥပဒေကြီး ခေတ်အဆက် ဆက် ဖြတ်ကျော် တည်တံ့လာသည်မှာ ရာစုနှစ်နှင့်ချီ၍ ကြာရှည် ခဲ့ပြီ ဖြစ်ပါသည်။ နောင်တွင်လည်း (ခေတ်နှင့်လျော်ညီသော ပြင်



mgyoe.com

mgyoe.com SAMPLE BOOK

ဆင်ချက်များနှင့်အတူ) အခွန့်ရှည်စွာ ရပ်တည်နေဦးမည့် ဥပဒေ ဖြစ်သည်ဟု ယူဆရပါသည်။

ဤသို့ ဂန္ထဝင်မြောက်လှသည့် ဥပဒေ ဘာသာရပ်တစ်ခုကို ကျောင်းသူ ကျောင်းသားများက စာမေးပွဲအတွက် အလွတ်ကျက်မှတ် ဖြေဆိုကြသောအခါ-

(၁) ပြစ်မှုမြောက်စေသည့် ဥပဒေ အင်္ဂါရပ်တချို့ ကျန်ရစ်နေတတ်ခြင်း၊

(၂) ဥပဒေ အင်္ဂါရပ် များစွာဖြင့် ဖွဲ့စည်းထားသော ပြစ်မှုများကို ဖြေဆိုရာတွင် မှတ်ဉာဏ်နှင့် ဝါကျ အထားအသိုမနိုင်နင်းမှုကြောင့် သက်ဆိုင်ရာ ဥပဒေပုဒ်မ၏ ဆိုလိုရင်း အဓိပ္ပာယ်ကို တိကျ ပြည့်စုံစွာ မဖော်ပြနိုင်ခြင်း၊

(၃) စကားလုံးများ ဖောင်းပွနေခြင်းကြောင့် (နှုတ်ဖြင့် ဖြစ်စေ၊ စာဖြင့် ဖြစ်စေ) ဖြေဆိုဟန် ဥပဒေ မဆန်ခြင်း (မခံ့ညားခြင်း)

စသည့် အခက်အခဲများကို မကြာခဏ မြင်ကြားနေရပါသည်။

ထိုအခက်အခဲတို့ကို ကျော်လွှားစိမ့်သောငှာ ဥပဒေအင်္ဂါရပ်များကို မှတ်မိအောင် ကဗျာဖြင့် ကျက်မှတ်စေပြီး ဝါကျ အထားအသိုကိုလည်း မူရင်း ဥပဒေပါ အစီအစဉ်အတိုင်း လိုက်နာကာ စကားလုံး အသုံးအနှုန်းက အစ မူလ ဝေါဟာရများကို ပြန်လည်သုံးစွဲခြင်းဖြင့် ဥပဒေကို အစီအစဉ်တကျ ကျက်မှတ်ရ လွယ်ကူစေရန် ကြိုးပမ်းထားသည့်အပြင် သက်ဆိုင်ရာ ဥပဒေ ပုဒ်မများအလိုက် စပ်ဆိုင်သည့် စီရင်ထုံးများကို တစ်ပါတည်း တွဲဖက် ဖေလာ်လာစေခြင်းဖြင့် ဥပဒေ၏ဆိုလိုရင်းအဓိပ္ပာယ်ကို ပို၍ ထဲထဲဝင်ဝင် သိမြင်စေရန် အားထုတ်ထားပါသည်။

သို့ဖြစ်ရာ ဤစာအုပ်ငယ်သည် စာမေးပွဲ ဖြေဆိုကြမည့် ဥပဒေ ကျောင်းသူ ကျောင်းသားများအတွက် အသုံးတည့်သလို အခြားတစ်ဖက်မှ ကြည့်လျှင်လည်း လောဘ၊ ဒေါသ၊ (ဥပဒေကို မှန်ကန်စွာ မသိ နားမလည်သည့်) မောဟတရားများနှင့် မကင်းနိုင်ကြသော လောကီထုပ္ပုတ် လူတို့ဇာတ်၌ အများပြည်သူတို့ သိအပ်သော ဥပဒေများထဲတွင် ရာဇသတ်ကြီး ဥပဒေသည် ရှေ့ဆုံးမှ



mgyoe.com

mgyoe.com SAMPLE BOOK

နေရာယူထားကြောင်း မည်သို့မျှ သံသယဖြစ်ရန် မရှိပါ။ အကြောင်းသော်ကား ဤဥပဒေတွင် နိုင်ငံတော်ကို ဆန့်ကျင်သည့် ပြစ်မှု၊ ငြိမ်ဝပ်ပိပြားရေးကို ပျက်ပြားစေသည့် ပြစ်မှုများ၊ ဖြောင့်မှန်စွာ တရားစီရင်ရေးကို ထိခိုက်စေသည့် ပြစ်မှုများ၊ ထို့ပြင်တစ်ဝ လူသတ်မှု၊ နာကျင်စေမှု၊ လူခိုးမှု၊ မုဒိမ်းမှု စသော လူ့ကိုယ်ကို ထိခိုက်စေသည့် ပြစ်မှုများ၊ ခိုးမှု၊ ခြောက်လှန့် တောင်းယူမှု၊ လုယက်မှု၊ ဓားပြမှု၊ အလွဲသုံးစားမှု၊ ယုံကြည် အပ်နှံရေး ဖောက်ဖျက်မှု၊ လိမ်လည်မှု စသော ပစ္စည်းကို ထိခိုက်စေသည့် ပြစ်မှုများအပြင် မယားခိုးမှုမှအစ အသရေဖျက်မှုအဆုံး နိစ္စဓူဝ လူတို့ သိအပ်၊ လိုက်နာအပ် (ရှောင်ကြဉ်အပ်) သည့် ဥပဒေ အတော်များများ တစုတစည်းတည်း ပါဝင်နေခြင်းကြောင့် ဖြစ်ပါသည်။

ဤစာအုပ်ပါ ကဗျာများကို ကျက်မှတ်ခြင်းဖြင့် အထက်ပါ ပြစ်မှု အားလုံးကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး မိန့်ဆိုခဲ့သလို 'အာဂုံရမှ အာဂလူ' ဆိုသည့် စကားကဲ့သို့ စာရှုသူ နှုတ်တက်အာဂုံ မှတ်မိနေမည် ဖြစ်ကြောင်း အပြည့်အဝ အာမခံပါသည်။

ဥပဒေ မသိ၍ ကျူးလွန်ပါသည် ဆိုသော ထုချေချက်ကို ဥပဒေက ခွင့်မလွှတ်ပါ။ ထို့ကြောင့် ဥပဒေကို မသိသေးလျှင် တတ်နိုင်သမျှ သိအောင် လေ့လာသင့်ပါသည်။ သိပြီးသူများကလည်း မိမိတို့ တတ်နိုင်သမျှ ပြန်လည် ဝေငှကြရပါမည်။ သို့မှသာ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ပြည်သူအများက ပြည်သူအားဖြင့် တစ်တပ်တစ်အား ဝိုင်းဝန်းကူညီ ထိန်းသိမ်းနိုင်မည်ဟု ကျွန်တော် ရိုးသားစွာ ယုံကြည်ပါသည်။

နိဂုံးအနေဖြင့် ဖော်ပြရလျှင် ကျွန်တော် ဤစာအုပ်ကို ပြုစုနိုင်ခြင်းမှာ ကျမ်းကိုးစာရင်းပါ ဥပဒေ ပညာရှင်ကြီးများ၏ ဂုဏ်ကျေးဇူးကြောင့်သာ ဖြစ်ကြောင်း လေးနက်ရိုကျိုးစွာ ဝန်ခံအပ်ပါသည်။ ကျေးဇူးရှင်များကို ကျေးစွပ်၍ ဘေးမလွှတ်မှာ ကျွန်တော် အစိုးရွံ့ဆုံး ဖြစ်ပါသည်။ အမှားအယွင်း ကင်းစင်အောင် အစွမ်းကုန် ကြိုးစားထားသော်လည်း ချို့ယွင်းလွဲချော်မှုများ ပါရှိမည်မှာ ဧကန် ဖြစ်ပါ

mgyoe.com

mgyoe.com
SAMPLE BOOK

သည်။ ဝေဖန်ထောက်ပြ အကြံပြုပေးကြပါရန် လေးစားစွာ မေတ္တာရပ်ခံပါသည်။

ဤစာမူကို စာအုပ်ဘဝရောက်အောင်နှင့် စာအုပ်အမည်ကိုပါ ရွေးချယ်ပေးသော ဆရာကြည်ရွှန်းအပြင် အဘက်ဘက်မှ အကူအညီပေးကြသော ဆရာအေးကျော်မင်း အပါအဝင် Wisdom House ပညာရှင်အဖွဲ့ကို အထူးပင် ကျေးဇူးတင်ကြောင်း ထပ်လောင်း ဖော်ပြခွင့်ပြုပါ။

နောက်ဆုံးက ဖော်ပြသော်လည်း ရှေ့ဆုံးက ပုဂ္ဂိုလ်များနည်းတူ အလေးထားရမည့် အခြားသူ တစ်ဦးမှာ ကိုယ်တိုင်လည်း အငြိမ်းစား ကျောင်းဆရာမတစ်ဦး ဖြစ်သလို ကျူရှင်ဆရာတစ်ဦး၏ ဇနီးကောင်း ပီသစွာ ကျွန်တော်၏ စာရေးခြင်း၊ စာဖတ်ခြင်းကို အနှောင့်အယှက်ပေးခြင်း လုံးဝ ကင်းသော သက်ထားအိမ်သူ ဒေါ်နုနုရီကို ကျေးဇူးတင်၍ မဆုံးပါ။

မိဘနှစ်ပါးနှင့်တကွ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ အားလုံးကို ကြည်ညိုမြတ်နိုး လက်စုံမိုးလျက် ...

ဦးအယ်လင်စိန်မောင်


mgyoe.com

mgyoe.com SAMPLE BOOK

# ပြစ်မှုအမျိုးအစားအလိုက်အညွှန်း


| | |
|---|---|
| ၁။ ကင်းလွတ်ရမြဲအချက်များ | ၁ |
| ၂။ ကာကွယ်ခုခံပိုင်ခွင့် | ၂၈ |
| ၃။ အားပေးကူညီမှု | ၄၅ |
| ၄။ ပြစ်မှုကျူးလွန်ရန် အားထုတ်မှု | ၆၅ |
| ၅။ အကြံတူ ရှိခြင်း | ၆၉ |
| ၆။ ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှု | ၇၀ |
| ၇။ နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်ခြင်း | ၇၄ |
| ၈။ အကြည်ညိုပျက်အောင် ပြုခြင်း | ၇၈ |
| ၉။ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေး | ၈၂ |
| ၁၀။ ရှုန်းရင်းဆန်ခတ်မှု | ၈၆ |
| ၁၁။ သတ်ပုတ် နှောင့်ယှက်မှု | ၈၇ |
| ၁၂။ မမှန်သက်သေခံခြင်း | ၈၉ |
| ၁၃။ မမှန်သက်သေခံ ဖန်တီးခြင်း | ၉၂ |
| ၁၄။ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု | ၉၉ |
| ၁၅။ လူသတ်မှု | ၁၀၆ |
| ၁၆။ ပေါ့လျော့ခြင်းဖြင့် လူသေစေမှု | ၁၁၂ |
| ၁၇။ နာကျင်စေမှု | ၁၁၄ |
| ၁၈။ အပြင်းအထန် နာကျင်စေမှု | ၁၁၄ |
| ၁၉။ မတရား တားဆီးကန့်ကွက်ခြင်းနှင့် မတရား ချုပ်နှောင်ခြင်း | ၁၂၀ |




mgyoe.com

mgyoe.com SAMPLE BOOK


၂၀။ အနိုင်အထက်ပြုမှု ၁၂၄
၂၁။ ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှု ၁၂၆
၂၂။ လက်ရောက်မှု ၁၂၈
၂၃။ မိန်းမ၏ ကာယိန္ဒြေ ဖျက်ဆီးမှု ၁၃၁
၂၄။ လူခိုးမှု ၁၃၄
၂၅။ လူကို သွေးဆောင် ဆွဲခေါ်မှု ၁၃၅
၂၆။ မုဒိမ်းမှု ၁၄၀
၂၇။ ဓမ္မတာနှင့် ဆန့်ကျင်သော ပြစ်မှု ၁၄၉
၂၈။ ခိုးမှု ၁၅၁
၂၉။ ခြောက်လှန့် တောင်းယူမှု ၁၅၇
၃၀။ လုယက်မှု ၁၆၀
၃၁။ ဓားပြမှု ၁၆၅
၃၂။ ရာဇဝတ်မကင်းသော အလွဲသုံးစားမှု ၁၇၁
၃၃။ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု ၁၇၅
၃၄။ ခိုးရာပါပစ္စည်း လက်ခံမှု ၁၈၂
၃၅။ လိမ်လည်မှု ၁၈၅
၃၆။ အကျိုး ဖျက်ဆီးမှု ၁၉၃
၃၇။ ရာဇဝတ်မကင်းသော ကျော်နင်းမှု ၁၉၇
၃၈။ အိမ် ဖောက်ထွင်းမှု ၁၉၉
၃၉။ မယားခိုးမှု ၂၀၅
၄၀။ အသရေဖျက်မှု ၂၀၈




mgyoe.com

mgyoe.com
SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

# ကင်းလွတ်ရမြဲအချက်များ
# (General Exceptions)

'ဥပဒေကို မသိ၍ ကျူးလွန်မိပါသည်' ဆိုသော ထုချေမှုကို ဥပဒေက ခွင့်မလွှတ်ပေ။ သို့သော် အချို့သော အခြေအနေတွင် ပြုလုပ်မှုများနှင့် အချို့သော ပုဂ္ဂိုလ်တို့၏ ပြုလုပ်မှုများကိုမူ ဥပဒေက အရေးယူ အပြစ် မပေးဘဲ ကင်းလွတ်ခွင့် ပြုထားသည်။

ထိုကင်းလွတ်ခွင့်ရသည့် ကိစ္စရပ်များအကြောင်းကို ပြစ်မှုဆိုင်ရာ ဥပဒေ (ရာဇသတ်ကြီး) အခန်း (၄) တွင် ပုဒ်မ ၇၆ မှ ၁၀၆ အထိ ပြဋ္ဌာန်းထားပြီး ၎င်းတို့ကို ယေဘုယျအားဖြင့် နှစ်မျိုး ခွဲခြားနိုင်သည်။

(၁) ခွင့်လွှတ်နိုင်သော ပြုလုပ်မှုများ (excusable) ခေါင်းစဉ် အောက်တွင် ပုဒ်မ ၈၂ မှ ၈၆ အထိ ပါဝင်ပြီး

(၂) ကျိုးကြောင်း မှန်ကန်သော ပြုလုပ်မှုများ (justifiable) ခေါင်း စဉ်အောက်တွင် ကျန်ပုဒ်မများ အကျုံးဝင်သည်။

ယင်းတို့ကို အသေးစိတ် ခွဲခြား လေ့လာကြည့်လျှင် ၁၁ မျိုး တွေ့ရှိ ရသည်။

(၁) အကြောင်းခြင်းရာကို အယူအဆ လွဲ၍ ပြုလုပ်မှု (mistake of fact) (ပုဒ်မ ၇၆ နှင့် ၇၉)



mgyoe.com

mgyoe.com
SAMPLE BOOK

(၂) အခွင့်အာဏာအရ ပြုလုပ်မှု
(judicial acts) (ပုဒ်မ ၇၇ နှင့် ၇၈)
(၃) မတော်တဆ ပြုလုပ်မှု
(accident) (ပုဒ်မ ၈၀)
(၄) လိုအပ်ချက်အရ ပြုလုပ်မှု
(necessity) (ပုဒ်မ ၈၁)
(၅) ကလေးသူငယ်တို့၏ ပြုလုပ်မှု
(infancy) (ပုဒ်မ ၈၂ နှင့် ၈၃)
(၆) စိတ်ပေါ့သွပ်သူ၏ ပြုလုပ်မှု
(insanity) (ပုဒ်မ ၈၄)
(၇) အရက် မူးယစ်နေသူတို့၏ ပြုလုပ်မှု
(drunkeness) (ပုဒ်မ ၈၅ နှင့် ၈၆)
(၈) သဘောတူညီချက်အရ သို့မဟုတ် မရဘဲ ပြုလုပ်မှု
(consent either with or without) (ပုဒ်မ ၈၇ မှ ၉၃)
(၉) ခြိမ်းခြောက်ခိုင်းစေမှုကြောင့် ပြုလုပ်ရသည့် ပြုလုပ်မှု
(compulsion) (ပုဒ်မ ၉၄)
(၁၀) ဘေးအန္တရာယ် အနည်းငယ်မျှသာ ဖြစ်စေသော သေးနုပ်သည့် ပြုလုပ်မှု
(trifles) (ပုဒ်မ ၉၅) နှင့်
(၁၁) ကာကွယ်ခုခံပိုင်ခွင့်အရ ပြုလုပ်မှု
(private defence) (ပုဒ်မ ၉၆ မှ ၁၀၆) တို့ ဖြစ်ကြသည်။

**စီရင်ထုံး**

ဤကင်းလွတ်ရမြဲ အချက်များသည် ပြစ်မှုဆိုင်ရာ ဥပဒေပါ ပြစ်မှုများသာမက အထူး သို့မဟုတ် ဒေသန္တရ ဥပဒေပါ ပြစ်မှုများနှင့်လည်း အကျုံးဝင်သည်။

အစိုးရနှင့် ဘစိန်
၁၉၃၇ ရန်ကုန်စီရင်ထုံး ၂၂၇

mgyoe.com

mgyoe.com
SAMPLE BOOK

ကင်းလွတ်ရမြဲအချက်များ ခေါင်းစဉ်အောက်တွင် ပုဒ်မပေါင်း ၂၀ ပါဝင်ရာ ယင်းတို့အနက်မှ ပုဒ်မ ၇၆ မှ ၈၉ အထိနှင့် ပုဒ်မ ၉၂ မှ ၉၅ အထိ စုစုပေါင်း ပုဒ်မ ၁၈ ခုကို အောက်ပါ စကားပြေကဗျာ (prose poem) ဖြင့် မှတ်သားနိုင်သည်။

| | | |
|---|---|---|
| တာဝန်နဲ့အခွင့်အာဏာက တစ်နည်း | ... | (၇၆၊ ၇၇၊ ၇၈၊ ၇၉) |
| မတော်တဆ ဆိုပေမဲ့ | ... | (၈၀) |
| သဘော်သူကြီးက | ... | (၈၁) |
| သူ့ကလေး နှစ်ယောက်ကို | ... | (၈၂၊ ၈၃) |
| အရူးမူးမူး အချစ်သား | ... | (၈၄၊ ၈၅၊ ၈၆) |
| ဓားသမားအကျိုး | ... | (၈၇၊ ၈၈၊ ၈၉) |
| ကျားကြားခုသတ် | ... | (၉၂၊ ၉၃၊ ၉၄) |
| သေးငယ်ရင် | ... | (၉၅) |

ပြစ်မှုလို့ မသတ်မှတ်။

အထက် ဖော်ပြပါ prose poem ကို သက်ဆိုင်ရာ ပုဒ်မများနှင့် ဆက်စပ် ကျက်မှတ်ပါက-

(၁) 'တာဝန်'တွင် 'တာဝန်'နှင့် 'လုပ်ပိုင်ခွင့်' ဟူ၍ ၂ မျိုး ပါဝင်သည်။ တာဝန်က ပုဒ်မ ၇၆ ဖြစ်ပြီး လုပ်ပိုင်ခွင့်က ပုဒ်မ ၇၉ နှင့် ဆိုင်သည်။ တစ်နည်းဆိုရသော် ပုဒ်မ ၇၆ သည် ဥပဒေအရ လုပ်ရန် တာဝန်ရှိသည်ဟု သဘောရိုးဖြင့် ယုံကြည်သူကို ကင်းလွတ်ခွင့်ပေးသော ပုဒ်မ ဖြစ်ပြီး ပုဒ်မ ၇၉ က ဥပဒေအရ ပြုလုပ်ပိုင်ခွင့်ရှိသည်ဟု သဘောရိုးဖြင့် ယုံကြည်ပြီး ပြုလုပ်သူကို ကင်းလွတ်ခွင့် ပေးသော ပုဒ်မ ဖြစ်သည်။

## (၁) အကြောင်းခြင်းရာကို အယူအဆလွဲ၍ ပြုလုပ်မှု (Mistake of fact)

**ပုဒ်မ ၇၆။** ဥပဒေအရ ပြုလုပ်ရန် တာဝန်ရှိသူက သော်လည်းကောင်း၊ ဥပဒေကို အယူအဆလွဲခြင်းကြောင့် မဟုတ်ဘဲ အကြောင်းခြင်းရာကို အယူအဆ လွဲခြင်းကြောင့် ဥပဒေအရ တာဝန်ရှိသည်ဟု

mgyoe.com

mgyoe.com
SAMPLE BOOK

သဘောရိုးဖြင့် ယုံကြည်သူက သော်လည်းကောင်း ပြုလျှင် ထိုပြုလုပ်မှု သည် ပြစ်မှုမမြောက်။

ဥပမာများ

(က) စစ်သား မောင်ဖြူသည် ရှုန်းရင်းဆန်ခတ်ပြုသော လူစု လူဝေး ကို ဥပဒေနှင့်ညီသော မိမိ၏ အထက်အရာရှိအမိန့်ဖြင့် သေနတ်နှင့် ပစ်ခတ်သည်။ ထိုသို့ ပစ်ခတ်ခြင်းသည် ပြစ်မှု ကျူးလွန်ရာ မရောက်။

(ခ) တရားရုံး အမှုထမ်း မောင်ဖြူသည် မောင်မဲကို ဖမ်းဆီးရန် တရားရုံးမှ အမိန့် ရရှိ၏။ ထိုက်သင့်သော စုံစမ်းမှုကို ပြု လုပ်ပြီးနောက် မောင်နီကို မောင်မဲဟု ထင်မှတ် ယုံကြည်၍ ဖမ်းဆီးသည်။ ထိုသို့ ဖမ်းဆီးခြင်းသည် ပြစ်မှု ကျူးလွန်ရာ မရောက်။

စီရင်ထုံး

ဤပုဒ်မသည် ပုဒ်မ ၇၉ နှင့် ဆင်တူသည်။ ဤပုဒ်မသည် ဥပဒေအရ တာဝန်ရှိသည်ဟု ယုံကြည်သူကို ကင်းလွတ်ခွင့် ပေးထားပြီး ပုဒ်မ ၇၉ မှာ ဥပဒေအရ ပြုလုပ်ပိုင်ခွင့် ရှိသည်ဟု သဘောရိုးနှင့် ယုံကြည်သူကို ကင်းလွတ်ခွင့် ပေးထားသည်။ ပထမ ပုဒ်မက ဥပဒေအရ လုပ်ရမည်ဟု ယုံကြည်သူအတွက် ဖြစ်ပြီး ဒုတိယပုဒ်မက ဥပဒေအရ လုပ်နိုင်သည်ဟု ယုံကြည်သူအတွက် ဖြစ်သည်။

*ဟာကင် နှင့် ပထစ*

၁၉၄၉ မတစ ၁၁၂ (လွှတ်တော်ချုပ်)

ယုံကြည်မှုနှင့် ထင်ကြေးကိုလည်း ခွဲခြားရန် လိုသည်၊ ထင်ကြေး သည် အကြောင်းခြင်းရာအပေါ် မတည်ချေ၊ စိတ်ကူးယဉ်ကဏ္ဍတွင်သာ ရှိသည်။ သို့ရာတွင် ယုံကြည်မှုမှာ အကြောင်းခြင်းရာအပေါ် အခြေခံ သည်။ အကြောင်းခြင်းရာပေါ် အခြေမခံပါက သဘောရိုးနှင့် ယုံကြည်

mgyoe.com

mgyoe.com
SAMPLE BOOK

သည်ဟု ဆိုနိုင်မည် မဟုတ်။ ဥပမာဆောင်ရသော် ရှေ့နေက တရားသူကြီးအား ပေးထားသော လာဘ်ငွေကို ပြန်ပေးရန်နှင့် ပြန်မပေးက အရေးယူမည်ဟု ခြိမ်းခြောက်ပြီး စာရေးလျှင် ထိုရှေ့နေသည် အမှုသည်၏ ညွှန်ကြားချက်အရ အရေးယူသည်ဟု ဆိုစေကာမူ သဘောရိုးဖြင့် ယုံကြည်ရန် အကြောင်းခြင်းရာပေါ် အခြေခံခြင်း မပြုသဖြင့် ကင်းလွတ်ခွင့် မရနိုင်။

*ဦးစံဝင်း နှင့် ဦးလှ*

အေအိုင်အာ ၁၉၃၁ ရန်ကုန် ၈၃

**ပုဒ်မ ၇၉။** ဥပဒေအရ ပြုပိုင်သူက သော်လည်းကောင်း၊ ဥပဒေကို အယူအဆလွဲခြင်းကြောင့် မဟုတ်ဘဲ အကြောင်းခြင်းရာကို အယူအဆလွဲခြင်းကြောင့် ဥပဒေအရ ပြုပိုင်သည်ဟု သဘောရိုးဖြင့် ယုံကြည်သူက သော်လည်းကောင်း ပြုလုပ်လျှင် ထိုသို့ ပြုလုပ်မှုသည် ပြစ်မှုမမြောက်။

**ဥပမာ**

လူသတ်မှုကို ကျူးလွန်နေသည်ဟု အထင်ရောက်လောက်အောင် မောင်မဲ ပြုမူနေသည်ကို မောင်ဖြူ မြင်ရ၏။ လူသတ်မှုကို ကျူးလွန်နေသူကို မည်သူမဆို ဥပဒေအရ ဖမ်းဆီးနိုင်ခွင့် ရှိသည့်အလျောက် မောင်ဖြူသည် ဉာဏ်မီသလောက် ဆင်ခြင်၍ ဆိုင်ရာအာဏာပိုင်တို့ထံ ပို့အပ်ရန် မောင်မဲကို သဘောရိုးဖြင့် ဖမ်းဆီး၏။ မောင်မဲသည် မိမိကိုယ်ကို ကာကွယ်လိုသောသဘောဖြင့် ပြုခဲ့ကြောင်း နောင်အခါ ပေါ်ပေါက်လာစေကာမူ မောင်ဖြူသည် မောင်မဲကို ထိုသို့ ဖမ်းဆီးခြင်းကြောင့် ပြစ်မှုပြုရာမရောက်။

**စီရင်ထုံး**

ဆင့်စာလုလင်သည် တရားမရုံးက ထုတ်ပေးသော ဝရမ်းအရ တရားရှုံးကို ဖမ်းပြီး ရုံးသို့ တင်ပို့ရာ ရုံးမှ တရားရှုံးကို ပြန်လွှတ်လိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဆင့်စာလုလင်က ဝရမ်း၌ တစ်စုံတစ်ရာ ရေးသားခြင်း မပြုဘဲ ဘီးလစ် ထံသို့ ပြန်ပေးရာ ဘီးလစ်က အတည်ပြုပြီး မပြီး ရေးသားရန် ဝရမ်းကို ဆင့်စာလုလင်သို့ ပြန်ပေးသောအခါ ဆင့်စာလုလင်က တရားရှုံးကို ပြန်၍ ဖမ်းဆီးလိုက်သည်။ ထိုအမှုတွင် ဆင့်စာလုလင်၏ ပြုလုပ်မှုသည် တရားဥပဒေနှင့် မညီသော်လည်း စေတနာဆိုးဖြင့် ပြုလုပ်ခဲ့ခြင်း မဟုတ် သည့်အပြင် ထပ်ဖမ်းရမည်ဟု သဘောရိုးဖြင့် မှားယွင်းခြင်း ဖြစ်၍ ဤ ပုဒ်မအရ ကင်းလွတ်ခွင့်ကို ရမည် ဖြစ်သည်။

မောင်ထွေး နှင့် ဘုရင်ခံ
၁၉၄၀ ရန်ကုန်စီရင်ထုံး ၂၅၃

## (၂) အခွင့်အာဏာအရ ပြုလုပ်မှု (Judicial Acts)

(၂) 'အခွင့်အာဏာ' ဆိုသော စကားရပ်သည် ပုဒ်မ ၇၇ နှင့် ၇၈ တို့ နှင့် သက်ဆိုင်သည်။

ပုဒ်မ ၇၇။ တရားစီရင်မှု ဆောင်ရွက်ရာ၌ တရားသူကြီး တစ်ဦး သည် ဥပဒေအရ မိမိ ရရှိသော အာဏာ သို့တည်း မဟုတ် ဥပဒေအရ မိမိ ရရှိသည်ဟု သဘောရိုးနှင့် ယုံကြည်သည့် အာဏာကို သုံးစွဲ ဆောင်ရွက်လျှင် ထိုသို့ ဆောင်ရွက်ခြင်းသည် ပြစ်မှု မမြောက်။

### စီရင်ထုံး

တရားသူကြီးအနေဖြင့် ဥပဒေအရ ရရှိသော လုပ်ပိုင်ခွင့် သို့တည်း မဟုတ် ဥပဒေအရ ရရှိသည်ဟု သဘောရိုးနှင့် ယုံကြည်သည့် လုပ်ပိုင်ခွင့် အတိုင်း ဆောင်ရွက်မှသာ ဤပုဒ်မ၏ ကင်းလွတ်ခွင့်ကို ရမည် ဖြစ် သည်။ လုပ်ပိုင်ခွင့် မရှိကြောင်း သိလျက်နှင့် ပြုလုပ်မှု၊ ဖြောင့်မှန်ကြောင်း ထုချေ ရှင်းလင်းနိုင်ခြင်း မရှိသည့် ပြုလုပ်မှုသည် ဤပုဒ်မအရ အကာ အကွယ် မယူနိုင်ပေ။ တရားရုံးအနေဖြင့် ဆောင်ရွက်ခဲ့သည့် သီးစားချ


mgyoe.com

mgyoe.com
SAMPLE BOOK

ထားရေး ကော်မတီကို ဤပုဒ်မအရ ကင်းလွတ်ခွင့် ပေးနိုင်သည်ကို သိပါလျက် ကင်းလွတ်ခွင့် မပေးဘဲ ပြစ်မှုကြောင်းအရ အရေးယူသည့် မြို့ပိုင်၏ ပြုလုပ်မှုမှာ ဤပုဒ်မအရ ကင်းလွတ်ခွင့် မရနိုင်။

*ဦးထွန်းအေး ပါ (၂) နှင့် ပထစ*
၁၉၆၆ မတစ ၂၇ (အထူး)

**ပုဒ်မ ၇၈။** စီရင်ချက်ကို သို့တည်းမဟုတ် အမိန့်ကို ထုတ်ဆင့်ရန် တရားရုံး၌ အာဏာမပိုင်သော်လည်း အာဏာပိုင်သည်ဟု သဘောရိုးနှင့် ယုံကြည်၍ ပြုလုပ်လျှင် ထိုတရားရုံး၏ စီရင်ချက်အရ ဖြစ်စေ၊ ထိုစီရင်ချက်နှင့်အညီ ဖြစ်စေ၊ အမိန့်အရ ဖြစ်စေ၊ အမိန့်နှင့်အညီ ဖြစ်စေ ထိုစီရင်ချက် သို့တည်းမဟုတ် ထိုအမိန့် တည်ဆဲတွင် ပြုလုပ်သော ပြုလုပ်မှုသည် ပြစ်မှု မမြောက်။

**စီရင်ထုံး**

ဥပဒေက နှုတ်မိန့် ချမှတ်ရန် ခွင့်ပြုမထားပါက အမိန့်သည် စာဖြင့် ရေးသားထားသော အမိန့် ဖြစ်ရန် လိုသည်။ စာဖြင့် ရေးသားထားခြင်း မပြုဘဲ နှုတ်မိန့်ကို အတည်ပြု ဆောင်ရွက်လျှင် ဤပုဒ်မ၏ ကင်းလွတ်ခွင့် မရနိုင်။ ဥပမာဆောင်ရသော် တရားမကျင့်ထုံး ဥပဒေအရ ဖမ်းဆီးခဲ့သော လူတစ်ဦးကို ချုပ်နှောင်ထားရန် တရားသူကြီးက ဘီးလစ်ကို နှုတ်မိန့် ပေးရာ ဘီးလစ်က ဆင့်စာလုလင်သို့ တစ်ဆင့် ချုပ်ထားရန် နှုတ်ဖြင့် ခိုင်း၍ ချုပ်နှောင်ခဲ့သည့် ကိစ္စတွင် ဘီးလစ်နှင့် ဆင့်စာလုလင်တို့ကို မတရား ချုပ်နှောင်မှုဖြင့် တရားစွဲသောအခါ တရားသူကြီးသည် စာနှင့် ရေးသားထားသော အမိန့်ဖြင့်သာ ချုပ်နှောင်ခြင်း ပြုနိုင်သည့်အလျောက် ဤပုဒ်မအရ ကင်းလွတ်ခွင့် မရနိုင်။

*မောင်ပု နှင့် အစိုးရ*
အတွဲ (၄)၊ အောက်မြန်မာပြည် စီရင်ထုံး ၂၃၅


mgyoe.com

mgyoe.com
SAMPLE BOOK

## (၃) မတော်တဆ ပြုလုပ်မှု (Accident)

(၃) 'မတော်တဆ'သည် ပုဒ်မ ၈၀ ကို ဆိုလိုသည်။

**ပုဒ်မ ၈၀။** ဥပဒေနှင့် ညီသော ပြုလုပ်မှုကို ဥပဒေနှင့် ညီသော နည်းလမ်းအတိုင်း ဥပဒေနှင့် ညီသော အပြုအမူဖြင့် သတိကောင်းစွာထား၍ ပြုရာတွင် မတော်တဆ သို့တည်းမဟုတ် ကံဆိုး၍ ပြုသည်လည်း ဖြစ်၍ ရာဇဝတ် မကောင်းသော အကြံ သို့တည်းမဟုတ် အသိဉာဏ် မရှိဘဲ ပြုသည်လည်း ဖြစ်သော ပြုလုပ်မှုသည် ပြစ်မှု မမြောက်။

**ဥပမာ**

မောင်ဖြူသည် ပုဆိန်တစ်လက်ဖြင့် အလုပ်လုပ်နေရာ ပုဆိန်ခေါင်း ကျွတ်ပြီးလျှင် အနီးတွင် ရပ်နေသော လူတစ်ယောက်ကို ထိမှန်၍ ထိုသူ သေဆုံးလေ၏။ အကယ်၍ မောင်ဖြူသည် ထားသင့်သော သတိ ကင်းမဲ့ခြင်း မရှိဘဲ ပြုလုပ်ခဲ့လျှင် ခွင့်လွှတ်နိုင်သည် ဖြစ်၍ ပြစ်မှုမမြောက်။

**စီရင်ထုံး**

တောလိုက်ထွက်ရာတွင် တရားခံက ချေ (ဂျီ) ထွက်လာသည် ထင်ပြီး ပစ်ရာ နောက်ပိုင်း၌ ခွေး ဖြစ်နေသည်ကို တွေ့ရသည်။ ခွေး ကျည်သင့်ပြီး သေသည်။ မလှမ်းမကမ်းတွင် သေသူလည်း ကျည်သင့်ပြီး သေသည်ကို တွေ့ရသည်။ သေသူကို မတော်တဆ ထိမှန်ခြင်းသာ ဖြစ်သည်ဟု ဆုံးဖြတ်သည်။

*ဦးညိမ်း၊ ဦးပန်းညွှာ၊ ဒေါ်တင်တင်အမှု*

၁၉၆၅ မတစ ၅၆၇

အမဲလိုက်ရင်း တောထဲ၌ လူစု ကွဲသွားရာ တရားခံက မဲမဲမြင် ၍ သေနတ်နှင့် ပစ်လိုက်သဖြင့် လူကို ထိမှန်သည့် အမှုကိစ္စတွင်မူ တရားခံသည် မည်းမည်းမြင်သည့်အခါ လူလော အမဲကောင်လောဟု

mgyoe.com

mgyoe.com
SAMPLE BOOK

သေချာစွာ မကြည့်ဘဲ အရမ်း ပစ်လိုက်ခြင်း ဖြစ်၍ မတော်တဆ ဖြစ်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

*အစိုးရ နှင့် မောင်ပန်းကြီး*
*ရွေးချယ်ထားသည့် စီရင်ချက်များ*
*အထက်မြန်မာပြည် ၃၀၈*

(၄) လိုအပ်ချက်အရ ပြုလုပ်မှု (Necessity)

(၄) 'သဘော်သူကြီး' ဆိုသော စကားရပ်သည် ပုဒ်မ ၈၁ ကို ယင်းပုဒ်မပါ ဥပမာ (က) နှင့် တွဲဖက် မှတ်သားခြင်း ဖြစ်သည်။

**ပုဒ်မ ၈၁။** ဘေးအန္တရာယ် ဖြစ်စေတန်ရာသည်ဟု သိလျက်နှင့် ပြုစေကာမူ လူကိုယ်သို့ ဖြစ်စေ၊ ပစ္စည်းများသို့ ဖြစ်စေ ကျရောက်မည့် အခြား ဘေးအန္တရာယ်ကို တားဆီးရန်အလို့ငှာ သို့တည်း မဟုတ် လွှဲဖယ်ရန်အလို့ငှာ ရာဇဝတ် မကောင်းသောအကြံ မရှိဘဲ သဘောရိုးဖြင့် ပြုလုပ်ခြင်းသည် ပြစ်မှုမမြောက်။

**ရှင်းလင်းချက်။** ဘေးအန္တရာယ် ဖြစ်စေတန်ရာသည်ဟု သိလျက်နှင့် ပြုရာတွင် ထိုသို့ ပြုခြင်းဖြင့် တားဆီးရမည့် သို့တည်းမဟုတ် လွှဲဖယ်ရမည့် အခြားဘေးအန္တရာယ်သည် ထိုပြုလုပ်မှုကို ပြုပိုင်လောက်အောင် ဖြစ်သော သို့တည်းမဟုတ် ခွင့်လွှတ်နိုင်လောက်အောင် ဖြစ်သော ဘေးအန္တရာယ်မျိုး ဟုတ် မဟုတ်၊ ထို့ပြင် ဆိုက်ရောက်မည့်ဆဲဆဲ ဖြစ်သော ဘေးအန္တရာယ်မျိုးလည်း ဟုတ် မဟုတ် ဆိုသည်မှာ ကြောင်းခြင်းရာ ပြဿနာ ဖြစ်သည်။

**ဥပမာများ**

(က) မီး 'သဘော်သူကြီး' မောင်ဖြူသည် မိမိ၌ ပြစ်တင်ဖွယ်ရာ လည်း မရှိ၊ မိမိ ပေါ့လျော့၍လည်း မဟုတ်၊ ရုတ်တရက်


mgyoe.com

mgyoe.com

SAMPLE BOOK

အားဖြင့် သဘော်ကို မရပ်နိုင်မီ လမ်းမလွှဲဘဲ နေခဲ့လျှင် လူ နှစ်ဆယ် သုံးဆယ်ပါ 'ခ' ခေါ် လှေတစ်စင်းကို တိုက်မိမည် ကေန်မလွဲ ဖြစ်၏။ လမ်းလွှဲပြန်လျှင်လည်း လူ နှစ်ယောက်ပါ 'ဂ' ခေါ် လှေတစ်စင်းကို တိုက်မိဖွယ်ရာ ရှိ၏။ 'ဂ' ခေါ် လှေကို တိုက်ရန် မကြံ မရှိဘဲ 'ခ' ခေါ် လှေပေါ်ရှိ လူအများ ဘေးဖြစ်မည့်အရာကို လွှဲဖယ်ရန်အလို့ ငှာ သဘောရိုးနှင့် လမ်းလွှဲလိုက်ရာ 'ဂ' ခေါ် လှေကို တိုက်မိ၏။ မောင်ဖြူ ပြုလုပ်သည့် ဘေးအန္တရာယ်သည် အခြား ဘေးအန္တရာယ်တစ်ရပ်ကို လွှဲဖယ်ရာတွင် ပြုလုပ်ပိုင်လောက် ကြောင်း ထင်ရှားလျှင် တိုက်မိရန် လက္ခဏာ ရှိကြောင်း သိလျက်နှင့် မောင်ဖြူ ပြုလုပ်သော်လည်း ပြစ်မှုကျူးလွန်ရာ မရောက်။

(ခ) မီးအကြီးအကျယ်လောင်ရာတွင် မောင်ဖြူက လူ့အသက် အန္တရာယ် သို့တည်းမဟုတ် ပစ္စည်း အန္တရာယ်ဖြစ်မည်ကို တားဆီးရန် အကြံဖြင့် မီးမကူးစက်စေရအောင် သဘောရိုး နှင့် အိမ်များကို ဆွဲချ ဖျက်ဆီး၏။ ဤတွင် မောင်ဖြူ တားဆီး မည့် ဘေးအန္တရာယ်သည် အပြစ်တင် ကင်းစေထိုက်သည့် ဘေးအန္တရာယ်မျိုး သော်လည်းကောင်း၊ အပြစ်တင် ကင်းစေ လောက်အောင် ဆိုက်ရောက်မည့်ဆဲဆဲ ဘေးအန္တရာယ်သော် လည်းကောင်း ဖြစ်ကြောင်း ထင်ရှားလျှင် မောင်ဖြူသည် ပြစ်မှု ကျူးလွန်ရာမရောက်။

## (၅) ကလေးသူငယ်တို့၏ ပြုလုပ်မှု (Infancy)

(၅) 'သူငယ်ကလေးနှစ်ယောက်'သည် ပုဒ်မ ၈၂ နှင့် ၈၃ ကို ဆိုလိုသည်။

**ပုဒ်မ ၈၂။** အသက် ၇ နှစ်အောက် ကလေး ပြုလုပ်သည့် ပြုလုပ်မှု သည် ပြစ်မှု မမြောက်။

mgyoe.com

mgyoe.com
SAMPLE BOOK

**စီရင်ထုံး**

အသက် ၆ နှစ်အရွယ် ကလေးကို မီးရထား အက်ဥပဒေ ပုဒ်မ ၁၁၂ အရ လက်မှတ်မဲ့ ရထားစီးသည့်အတွက် အပြစ် မပေးနိုင်။

*ပထစ နှင့် ရာရှင်*

၁၉၅၅ မတစ ၃၀၄ (လွှတ်တော်)

**ပုဒ်မ ၈၃။** ပြုလုပ်စဉ်အခါက မိမိ ပြုလုပ်သော ပြုလုပ်မှု၏ သဘောနှင့် အကျိုးအပြစ်ကို သိနားလည်လောက်အောင် အမြော်အမြင် အဆင်အခြင်နှင့် မပြည့်စုံသေး၍ အသက် ၇ နှစ်အထက်၊ ၁၂ နှစ်အောက်အရွယ် ရှိသော ကလေး၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်။

**စီရင်ထုံး**

အသက် ၇ နှစ်နှင့် ၁၂ နှစ်ကြားရှိ ကလေးသည် မိမိ၏ ပြုလုပ်မှုမှာ မည်သို့သော သဘောနှင့် အကျိုးအပြစ် ရှိသည်ကို သိလျက်နှင့် ပြုခဲ့သည်ဟု သာမန်အားဖြင့် ယူဆရမည် ဖြစ်သည်။ ထိုကဲ့သို့ အသိဉာဏ် မရှိကြောင်း ထုချေလျှင် အသိဉာဏ် မရှိကြောင်း ထင်ရှားအောင် သက်သေအထောက်အထား တင်ပြရန် လိုသည်။ အသိဉာဏ် ရှိ မရှိ ဆိုခြင်းကို တရားရုံးအနေဖြင့် ကလေး၏ အမူအရာကို အကဲခတ်ခြင်းဖြင့်လည်းကောင်း၊ ပေါ်ပေါက်လျက် ရှိသော အကြောင်းခြင်းရာများအပေါ် သုံးသပ်ခြင်းဖြင့် လည်းကောင်း ဆုံးဖြတ်နိုင်မည် ဖြစ်သည်။ ပူအိုက်သည့် တိုင်းပြည်များ၌ အသက် ငယ်ငယ်ရွယ်ရွယ်နှင့် အရွယ်ရောက်လေ့ ရှိသဖြင့် အသက် ၁၂ နှစ်အရွယ် ကလေး မုဒိမ်းမှု ကျူးလွန်နိုင်သည်။ အသက် ၁၂ အရွယ် ကလေးပင် ဖြစ်လင့်ကစား မုဒိမ်းကျင့်ရန် အားထုတ်မှုဖြင့် ပြစ်ဒဏ်ထင်ရှား စီရင်ခဲ့သည့်အမှု ရှိခဲ့ဖူးသည်။

*အစိုးရ နှင့် ထွန်းကြိုင်*

အေအိုင်အာ ၁၉၁၈ အောက်မြန်မာပြည် စီရင်ထုံး ၉၆


mgyoe.com

mgyoe.com
SAMPLE BOOK

(၆) စိတ်ပေါ့သွပ်သူ၏ ပြုလုပ်မှု (Insanity)

(၆) 'အရူး' (စိတ်ပေါ့သွပ်သူ) ဆိုသည့် စကားရပ်သည် ပုဒ်မ ၈၄ နှင့် သက်ဆိုင်သည်။

ပုဒ်မ ၈၄။ စိတ် ပေါ့သွပ်ခြင်းကြောင့် ပြုစဉ် အခါက မိမိ၏ ပြုလုပ်မှုသည် မည်သို့သောသဘော ရှိသည်ကို သော်လည်းကောင်း၊ မတော်မှန်သည်ကို သော်လည်းကောင်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကို သော်လည်းကောင်း မသိနိုင်သောသူ၏ ပြုလုပ်မှုသည် ပြစ်မှု မမြောက်။

စီရင်ထုံး

စိတ်ပေါ့သွပ်စဉ် ပြု၍ ပြစ်မှု မမြောက်ကြောင်း ထင်ရှားအောင် သက်သေပြရန် တာဝန်မှာ တရားခံအပေါ်၌ တည်ရှိသည်။ အရွယ်ရောက်သူတိုင်းသည် စိတ် မချွတ်ယွင်းသည့် လူကောင်း ဖြစ်သည်ဟု သော်လည်းကောင်း၊ ရူးသွပ်သူပင် ဖြစ်လင့်ကစား စိတ်ကောင်းနေချိန်၌ ပြစ်မှု ကျူးလွန်ခဲ့ခြင်း ဖြစ်သည်ဟု လည်းကောင်း ဥပဒေအရ ယူဆရမည် ဖြစ်၍ ပြစ်မှု ကျူးလွန်စဉ်က တရားခံသည် ရူးသွပ်နေသည်ဟု ဆိုလျှင် ရူးသွပ်နေကြောင်း တင်ပြရန် တာဝန်ကို တရားခံအပေါ်၌ ချထားခြင်း ဖြစ်သည်။ ထိုအတိုင်းပင် သက်သေခံ ဥပဒေပုဒ်မ ၁၀၅ ၌လည်း ပြဋ္ဌာန်းထားပေသည်။

*စံဖေ နှင့် အစိုးရ*
*အေအိုင်အာ ၁၉၃၇ ရန်ကုန် ၃၃*

အမှုအဖြစ်အပျက် ပတ်ဝန်းကျင် အခြေအနေတို့မှ တရားခံ စိတ်ပေါ့သွပ်နေခဲ့သည်ကို တွေ့မြင်လောက်အောင် ပေါ်လွင်ထင်ရှားလျှင် တရားခံက သော်လည်းကောင်း၊ ၎င်း၏ရှေ့နေက သော်လည်းကောင်း စိတ်ပေါ့သွပ်ခြင်းကို အကာအကွယ် မယူစေကာမူ ပုဒ်မ ၈၄ ၏ အကျိုးကို တရားခံအား ပေးသင့်သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

မောင်ထွန်းစိန်အမှု

၁၉၆၂ မတစ ၃၃၇ (ရုံးချုပ်)

စိတ်ပေါ့သွပ်၍ ပြစ်မှု မမြောက်ပါဟု ထုချေလာလျှင် တရားရုံးသည် ပြဿနာ နှစ်ရပ်ကို စဉ်းစားရန် လိုသည်။ ပထမ ပြဿနာမှာ ပြစ်မှု ကျူးလွန်စဉ်က တရားခံသည် စိတ်ပေါ့သွပ်ခြင်း ရှိ မရှိ ဖြစ်သည်။ စိတ်ပေါ့သွပ်ကြောင်း မထင်ရှားက ဒုတိယ ပြဿနာကို ဆက်လက်စဉ်းစားရန် မလို။ ဒုတိယ ပြဿနာမှာ တရားခံသည် စိတ်ပေါ့သွပ်နေသူဖြစ်လျှင် ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့်အတိုင်း စိတ်ပေါ့သွပ်ခြင်း ရှိ မရှိ ဆိုခြင်းပင် ဖြစ်သည်။ ယင်းအမှုမျိုးတွင် အခင်း မဖြစ်ပွားမီအချိန်၊ ဖြစ်ပွားဆဲအချိန်နှင့် ဖြစ်ပွားပြီးနောက် အချိန်တို့တွင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများကို ခြုံ၍ စဉ်းစားရန် လိုသည်။

- တရားခံသည် ကြိုတင် ပြင်ဆင်၍ ပြုခဲ့သလား၊
- လျှို့ဝှက်သည့်သဘော သက်ရောက်မှုဖြင့် ပြုခဲ့သလား၊
- ကျူးလွန်ပြီးနောက် သူတစ်ပါး မသိအောင် ပြုမူဆောင်ရွက်ရန် ကြိုးစားခဲ့သလား၊
- သူတစ်ပါး သိရှိပြီးနောက် မဟုတ်မမှန်သည့် ထုချေချက် ပြုခဲ့သလား

စသည့် အချက်များကို ဆင်ခြင် သုံးသပ်ရန် လိုသည်။ လက်တွေ့အားဖြင့် တရားခံတစ်ဦးသည် မိမိ၏ ပြုလုပ်မှုမှာ ဤကင်းလွတ်ချက်နှင့် အကျုံးဝင်သည့် စိတ်ပေါ့သွပ်စဉ် ပြုလုပ်ခဲ့သည်ဟု သက်သေပြရန် မလွယ်ကူချေ။ သို့ဖြစ်ရာ အမှု၏ အဖြစ်အပျက် ပတ်ဝန်းကျင်အခြေအနေတို့ကို ထောက်ထားပြီး စိတ်ပေါ့သွပ်ခြင်း ရှိ မရှိ ဆုံးဖြတ်ရန် ဖြစ်သည်။

*ကုတ်ချို နှင့် ပြည်ထောင်စု*

၁၉၆၅ မတစ ၁၀၉၆

တရားခံသည် ဝက်ရူးပြန်စဉ် မိခင်ကို အကြောင်းမဲ့ သတ်ပြီး ပထွေးကို ဒဏ်ရာရစေခဲ့သည်။ တရားခံသည် ပြစ်မှု ကျူးလွန်ပြီးနောက် လျှိုတစ်ခုထဲတွင် ပုန်းအောင်းနေခဲ့သည်။ ဆရာဝန်၏ ထွက်ဆိုချက်အရ


mgyoe.com

mgyoe.com
SAMPLE BOOK

တရားခံသည် ဝက်ရူးပြန်လေ့ရှိပြီး ဝက်ရူးပြန်စဉ် သတိ လုံးဝ မရှိကြောင်း ပေါ်ပေါက်နေသဖြင့် ဤပုဒ်မအရ ကင်းလွတ်ခွင့် ရသည်။

*အန့်ဘွယ် နှင့် အစိုးရ*

*အေအိုင်အာ ၁၉၃၇ ရန်ကုန် ၉၉*

ရူးသွပ်သူကို ရုံးတင်စစ်ဆေးသည့်အခါ မည်သို့မည်ပုံ ဆောင်ရွက်ရမည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ အခန်း (၃၄) တွင် ဖော်ပြထားသည်။ ရူးသွပ်နေချိန်၌ ၎င်းကို ကျူးလွန်ခဲ့သည့် ပြစ်မှုနှင့် စပ်လျဉ်း၍ စစ်ဆေးခြင်း မပြုနိုင်ပေ။ ရူးသွပ်ခြင်း မရှိကြောင်း သက်ဆိုင်ရာဆရာဝန်က ရုံးရှေ့တွင် လာရောက် ထွက်ဆိုမှသာ ကြားနာ စစ်ဆေးခြင်း ပြုနိုင်မည် ဖြစ်သည်။ တရားခံတစ်ဦး၏ ပြုလုပ်မှုသည် ဤပုဒ်မအရ ကင်းလွတ်ခွင့်နှင့် အကျုံးဝင်သဖြင့် ၎င်းကို အပြီးသတ် လွှတ်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၇၁ အရ စိတ္တဇဆေးရုံသို့ ပို့နိုင်ပြီး နိုင်ငံတော်အစိုးရထံသို့ အကြောင်းကြားရမည်။

*အစိုးရ နှင့် ကုလားညို*

*၁၉၄၁ ရန်ကုန်စီရင်ထုံး ၅၄၄*

## (၇) အရက် မူးယစ်နေသူတို့၏ ပြုလုပ်မှု (Drunkeness)

(၇) 'မူးမူး' (အချစ်သား) ဆိုရာ၌ ပထမ 'မူး'သည် ပုဒ်မ ၈၅၊ သူတစ်ပါးတိုက်ကျွေး၍ မူးယစ်သူ။

**ပုဒ်မ ၈၅။** မိမိ မသိဘဲ သို့တည်းမဟုတ် အလို မတူဘဲ သူတစ်ပါးက တိုက်ကျွေးခြင်းကြောင့် မူးယစ်သဖြင့် ပြုစဉ်အခါက မိမိ၏ ပြုလုပ်မှုသည် မည်သို့သော သဘော ရှိသည်ကို သော်လည်းကောင်း၊ မတော်မှန်သည်ကို သော်လည်းကောင်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကို သော်လည်းကောင်း မသိနိုင်သောသူ၏ ပြုလုပ်မှုသည် ပြစ်မှု မမြောက်။

ဒုတိယ 'မူး'သည် ပုဒ်မ ၈၆ မိမိ အလိုအလျောက် သောက်စား မူးယစ်သူ။


mgyoe.com

mgyoe.com
SAMPLE BOOK

**စီရင်ထုံး**

မိမိ မသိဘဲ သို့မဟုတ် အလိုမတူဘဲ သူတစ်ပါးက တိုက်ကျွေးခြင်းကြောင့် မူးယစ်သဖြင့် မိမိ ဘာလုပ်မိသည်ကို မသိပါဟု တရားခံက သက်သေ ထူရန် လိုသည်။

မောင်ခင်မောင်အမှု
၁၉၆၆ မတစ ၁၀၃ (အထူး)

**ပုဒ်မ ၈၆။** အထူးအသိဉာဏ်ဖြင့် သို့တည်းမဟုတ် အထူးအကြံဖြင့် ပြုမှသာ ပြစ်မှု မြောက်သော ပြုလုပ်မှုကို မူးယစ်နေသူ ပြုရာတွင် ထိုသူသည် မိမိ မသိဘဲ သို့တည်းမဟုတ် အလိုမတူဘဲ သူတစ်ပါး တိုက်ကျွေးသဖြင့် မူးယစ်နေစဉ် ပြုသောအခါမှာမှတစ်ပါး မမူးမယစ်သောအခါတွင် လိုအပ် ရှိအပ်သည့် 'အထူးအသိဉာဏ်ဖြင့်' ပြုဘိသကဲ့သို့ ပြစ်ဒဏ် စီရင်ခြင်း ခံထိုက်ရမည်။

(မှတ်ချက်။ ။ ဤပုဒ်မ အစတွင် အထူးအသိဉာဏ်၊ အထူးအကြံ ဟူ၍ ပါရှိပြီး ပုဒ်မ အဆုံးတွင် အထူးအကြံ ဆိုသည့် စာပိုဒ် မပါတော့သည်ကို သတိပြု ဖတ်ရှုပါ။)

'ပြစ်မှုများတွင် အသိဉာဏ်ဖြင့် ပြုလျှင် ပြစ်မှုမြောက်သည့် ပြုလုပ်မှုနှင့် ပြစ်မှု မကင်းသော အကြံဖြင့် ပြုမှသာ ပြစ်မှုမြောက်သည့် ပြုလုပ်မှုများ ရှိရာ အသိဉာဏ်နှင့် ပတ်သက်သည့် ပြစ်မှုများ အတွက် ဤပုဒ်မအရ ဆင်ခြေမပေးနိုင်သော်လည်း ပြစ်မှုမကင်း သော အကြံ ရှိရန် လိုအပ်သည့် ပြစ်မှုများနှင့် စပ်လျဉ်း၍မူ မူးယစ် ခြင်းသည် အလိုအလျောက် သောက်စားခဲ့ခြင်းကြောင့် ဖြစ်သော် လည်း ဤပုဒ်မအရ ထုချေ တင်ပြနိုင်ပေသည်။'

ဦးသက်ဖေ [B.A.,B.L တရားရုံးချုပ် တရားသူကြီး (ငြိမ်း)]
ရေးသားသည့် 'ပြစ်မှုဆိုင်ရာ ဥပဒေ သိကောင်းစရာများ'
စာမျက်နှာ (၁၀၅)။

mgyoe.com

mgyoe.com
SAMPLE BOOK

**စီရင်ထုံး**

တရားခံတစ်ဦးသည် သာမန်အားဖြင့် မိမိ ပြုလုပ်မှုသည် မည်သို့သော အကျိုးသက်ရောက်မှု ရှိသည်ကို သိနိုင်သည်ဟု ဆိုနိုင်သော်လည်း ထိုကဲ့သို့ အကျိုးသက်ရောက်စေရန် အကြံဖြင့် ပြုခဲ့သည်ဟု အစဉ်တစိုက် ယူဆရန် မဟုတ်။

*အဗ္ဗဒူကရင် နှင့် အစိုးရ*
ရွေးချယ်ထားသည့် စီရင်ချက်များ
အောက်မြန်မာပြည် ၆၅၀

စိတ်ပေါ့သွပ်သည့်အခြေသို့ ရောက်အောင် မူးယစ်ခြင်း မရှိသဖြင့် ပြစ်မှု ကျူးလွန်ရန် အကြံ မရှိဟု မဆိုနိုင်စေကာမူ မူးယစ်နေသည့် အချက်ကို ပြစ်ဒဏ် သတ်မှတ်ရာ၌ ထည့်သွင်း စဉ်းစားသင့်သည့် အချက်တစ်ရပ် ဖြစ်သည်။

*စိန်ကလေး နှင့် အစိုးရ*
အတွဲ (၁၂)၊ ရန်ကုန် ၄၄၅
ဤပုဒ်မ (ပုဒ်မ ၈၆) ကို ခြုံ၍ ဝေဖန်ရပါမူ-

(၁) မူးယစ်ခြင်းကြောင့် စိတ်ပေါ့သွပ်သည့် အခြေအနေသို့ ရောက်နေသော် ကင်းလွတ်ခွင့် ရမည် ဖြစ်သည်။
(၂) မူးယစ်သည့် အဆင့်နှင့် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများကို ချင့်ချိန်ပြီး ပြစ်မှုမကင်းသောအကြံ ရှိနိုင်သည်၊ မရှိနိုင်သည်ကို ဆုံးဖြတ်ရမည်။
(၃) စိတ်ပေါ့သွပ်သည့် အခြေသို့ ရောက်အောင် မူးယစ်ခြင်း မရှိက မိမိ ပြုလုပ်မှုသည် မည်သို့သော အကျိုးသက်ရောက်မှု ရှိမည် ဆိုသည့် အကြံနှင့် ပြုခဲ့သည်ဟု အထောက်အထား ရှိပါက ထိုအကြံဖြင့် ပြုသည်ဟု ကောက်ယူရမည် ဖြစ်သည်။

ဦးသက်ဖေ [B.A.,B.L တရားရုံးချုပ် တရားသူကြီး (ငြိမ်း)]
ရေးသားသည့် 'ပြစ်မှုဆိုင်ရာ ဥပဒေ သိကောင်းစရာများ'
စာမျက်နှာ (၁၀၆)။

mgyoe.com

mgyoe.com SAMPLE BOOK

**သဘောတူညီချက်အရ သို့မဟုတ် မရဘဲ ပြုလုပ်မှု** (Consent either with or without)

(ဂ) 'ခ'သည် ပုဒ်မ ၈၇ ကို ယင်းပုဒ်မပါ ဓားသိုင်းကစားသည့် ဥပမာနှင့် တွဲဖက် မှတ်သားခြင်း ဖြစ်သည်။

**ပုဒ်မ ၈၇။** သေစေရန် ဖြစ်စေ၊ အပြင်းအထန် နာကျင်စေရန်ဖြစ်စေ အကြံမရှိဘဲနှင့်လည်းကောင်း၊ သေစေတန်ရာသည်ကို ဖြစ်စေ၊ အပြင်းအထန် နာကျင်စေတန်ရာသည်ကိုဖြစ်စေ မသိဘဲနှင့်လည်းကောင်း ပြုသူက ပြုရာတွင် အသက် တစ်ဆယ့်ရှစ်နှစ်နှင့် အထက် အရွယ်ရှိသူက မိမိသို့ ကျရောက်မည့် ဘေးအန္တရာယ်ကို မိမိခံယူမည်ဟု အတိအလင်းသော်လည်းကောင်း၊ သဘောသက်ရောက်စေခြင်းဖြင့်သော်လည်းကောင်း သဘောတူလျှင် ထိုသူ၏ ပြုလုပ်မှုသည် ထိုအသက် တစ်ဆယ့်ရှစ်နှစ်နှင့် အထက်အရွယ် ရှိသူကို ဘေးအန္တရာယ် ဖြစ်စေနိုင်သည် ဟူသော အကြောင်းကြောင့် သို့တည်းမဟုတ် ဖြစ်စေရန် ပြုလုပ်သူက ကြံရွယ်သည် ဟူသော အကြောင်းကြောင့် ပြစ်မှု မမြောက်စေရ သို့တည်းမဟုတ် ထိုသူ၏ ပြုလုပ်မှုသည် ကျရောက်နိုင်သည့် ဘေးအန္တရာယ်ကို ခံယူမည်ဟု သဘောတူသူအား ဘေးအန္တရာယ် ဖြစ်စေတန်ရာသည်ကို ပြုသူက သိနိုင်သည်ဟူသော အကြောင်းကြောင့် ပြစ်မှု မမြောက်စေရ။

ဥပမာ

မောင်ဖြူနှင့် မောင်မဲသည် ပျော်ရွှင်ခြင်းအလို့ငှာ ဓားသိုင်းကစားရန် သဘောတူကြ၏။ ထိုသူတို့၌ မဖြောင့်မှန်သောသဘော မရှိဘဲ တရားသဖြင့် ကစားကြသည် ဖြစ်ပါက ကစားစဉ် ကျရောက်မည့်ဘေးအန္တရာယ်ကို ခံယူကြမည်ဟု သဘောတူရာ သက်ရောက်၏။ ထိုသို့ တရားသဖြင့် ကစားကြရာတွင် မောင်ဖြူက မောင်မဲကို နာကျင်စေ၏။ မောင်ဖြူသည် ပြစ်မှုကျူးလွန်ရာ မရောက်။


mgyoe.com

mgyoe.com
SAMPLE BOOK

**စီရင်ထုံး**

သေသူက စားပြီးသည်ဟုပြော၍ အခုတ်ခိုင်းရာ တရားခံသည် သဘော ရိုးဖြင့် ယုံကြည်ပြီး သေသူ၏ လက်ယာဘက် လက်မောင်းကို ခုတ်သဖြင့် သွေးကြောပြတ်ကာ သေဆုံးရသည့်အမှုတွင် တရားခံသည် သေသူကို သေစေရန် မဆိုထားဘိ၊ ဒဏ်ရာ ရစေရန်လည်း ရည်ရွယ်ချက် မရှိ၊ သိလည်း မသိသည့်အလျောက် ဤပုဒ်မအရ ပြစ်မှုမမြောက်ပေ။

ရွှေခင် နှင့် အစိုးရ

အတွဲ (၈)၊ အောက်မြန်မာပြည် စီရင်ထုံး ၁၆၆

အလမ္မာယ်ဆရာက သေသူအား လက်ဖွဲ့ပေးပြီး မြွေဟောက်ကို အကိုင်ခိုင်း၍ ကိုင်စဉ် မြွေပေါက်ပြီး သေဆုံးရသည့်အမှုတွင် အလမ္မာယ် ဆရာသည် ၎င်း၏ ပြုလုပ်မှုမှာ သေစေမည် သို့မဟုတ် အပြင်းအထန် နာကျင်စေမည်ဟု သိရန် အကြောင်းရှိသည့်အပြင် သေဆုံးသူအနေဖြင့် အကြောင်းခြင်းရာကို လွဲမှားစွာ ယုံကြည်ကာ သဘောတူညီချက် ပေးခဲ့ ခြင်း ဖြစ်သည့်အလျောက် ပြစ်မှုမြောက်မည် ဖြစ်သည်။

အစိုးရ နှင့် ဘိုးကျန်

(၁၈၉၇-၀၁) အတွဲ (၁)၊ အောက်မြန်မာပြည် စီရင်ထုံး ၂၉၈

(၉) 'သမား'သည် ပုဒ်မ ၈၈ ကို အဆိုပါ ပုဒ်မ၏ ဥပမာတွင် ပါရှိသော ဆရာဝန် (သမား) နှင့် တွဲဖက် မှတ်သားခြင်း ဖြစ်သည်။

**ပုဒ်မ ၈၈။** တစ်ဦးတစ်ယောက်သောသူ၏အကျိုးငှာ ပြုရာတွင် ထို သူက ဘေးအန္တရာယ်ကို ခံယူရန် သို့တည်းမဟုတ် ကျ ရောက်နိုင်သည့် ဘေးအန္တရာယ်ကို ခံယူရန် အတိအလင်း ဖြစ်စေ၊ သဘောသက်ရောက်စေခြင်းဖြင့် ဖြစ်စေ သဘောတူလျှင် သေစေရန်အကြံ မရှိဘဲ သဘောရိုးဖြင့် ပြုသောပြုလုပ်မှုသည် ထိုသူအား ဘေးအန္တရာယ် ဖြစ်စေနိုင်သည် ဟူသော အကြောင်းကြောင့်သော်လည်းကောင်း၊ ဘေး အန္တရာယ် ဖြစ်စေရန် ပြုလုပ်သူက ကြံရွယ်သည် ဟူသော အကြောင်း ကြောင့်သော်လည်းကောင်း၊ ဘေးအန္တရာယ် ဖြစ်စေတန်ရာသည်ကို

mgyoe.com

mgyoe.com
SAMPLE BOOK

ပြုလုပ်သူက သိနိုင်သည် ဟူသော အကြောင်းကြောင့် သော်လည်းကောင်း ပြစ်မှု မမြောက်စေရ။

ဥပမာ

ဆရာဝန် ဦးဖြူသည် ခွဲစိတ် ကုသပါက သေတန်ရာသည်ကို သိလျက် နာကျင်သော ဝေဒနာ ခံစားနေရသော မောင်မဲကို မောင်မဲ၏ သဘောတူညီချက်ဖြင့် မောင်မဲ၏ အကျိုးငှာ အသုံးပြုနေကျ ဖြစ်သော ခွဲစိတ်ကုသသည့် ကိရိယာတန်ဆာများဖြင့် ခွဲစိတ်ကုသ၏၊ ခွဲစိတ်ကုသစဉ်က မောင်မဲကို သေစေရန် အကြံ မရှိ၊ မောင်မဲ ဝေဒနာ ပျောက်ကင်းစေရန် ပြုလုပ်ခြင်း ဖြစ်ရာ သဘောရိုးဖြင့် ခွဲစိတ်ကုသခြင်းကြောင့် မောင်မဲ သေသော်လည်း ဦးဖြူသည် ပြစ်မှု ကျူးလွန်ရာ မရောက်။

စီရင်ထုံး

အသက် ၁၂ နှစ် ကျော်သည့် တပည့်သည် ဆရာအား ကျောင်းစည်းကမ်းနှင့်အညီ သွန်သင်ဆုံးမခြင်းကို ခံယူပါမည်ဟု သဘောတူညီခဲ့သည်ဟု ယူဆရမည် ဖြစ်ရာ ဆရာက တပည့်ကို လိမ္မာရေးခြား ရှိစေရန် သဘောရိုးဖြင့် တော်ရုံသင့်ရုံ ကြိမ်ဒဏ် ပေးခဲ့ခြင်း ဖြစ်ပါမူ ဆရာသည် ၌ပုဒ်မအရ ကင်းလွတ်ခွင့် ရမည်။ သို့ရာတွင် ဒေါသတကြီး ရက်ရက်စက်စက် ရိုက်နှက် ဆုံးမခြင်း မပြုနိုင်ပေ။

မောင်ခွေး နှင့် *ပြည်ထောင်စု*
၁၉၆၆ မတစ ၉၈၆

(၁၀) 'အကျိုး'သည် ပုဒ်မ ၈၉ ကို မှတ်သားထားနိုင်သည့် စကားရပ် ဖြစ်သည်။

**(၁၀) ပုဒ်မ ၈၉။** အသက် တစ်ဆယ့်နှစ်နှစ် မပြည့်သေးသူ၏ သို့တည်းမဟုတ် စိတ်ပေါ့သွပ်သူ၏ အကျိုးငှာ အုပ်ထိန်းသူကိုယ်တိုင်က သော်လည်းကောင်း၊ ဥပဒေနှင့်အညီ ထိန်းသိမ်း

mgyoe.com

mgyoe.com SAMPLE BOOK

စောင့်ရှောက်ရသော အခြားသူကိုယ်တိုင်က သော်လည်းကောင်း ထိုသူ တစ်ဦးဦး၏ အတိအလင်း သဘောတူညီချက်နှင့် ဖြစ်စေ၊ သဘောတူရာ သက်ရောက်ချက်နှင့် ဖြစ်စေ ပြုလုပ်သောသူက သော်လည်းကောင်း သဘောရိုးဖြင့် ပြုလုပ်မှုသည် အသက် တစ်ဆယ့်နှစ်နှစ် မပြည့်သေး သူကို သို့တည်းမဟုတ် စိတ်ပေါ့သွပ်သူကို ဘေးအန္တရာယ် ဖြစ်စေနိုင် သည် ဟူသောအကြောင်းကြောင့် သော်လည်းကောင်း၊ ဖြစ်စေရန် ပြု လုပ်သူက ကြံရွယ်သည် ဟူသောအကြောင်းကြောင့် သော်လည်းကောင်း၊ ဘေးအန္တရာယ် ဖြစ်စေတန်ရာသည်ကို ပြုလုပ်သူက သိနိုင်သည် ဟူ သော အကြောင်းကြောင့် သော်လည်းကောင်း ပြစ်မှု မမြောက်။ သို့ ရာတွင်-

## ခြွင်းချက်များ

**ပထမ** ဤကင်းလွတ်ချက်သည် တမင် သေစေခြင်းနှင့် သို့တည်း မဟုတ် သေစေရန် တမင် အားထုတ်ခြင်းနှင့် မသက်ဆိုင်။

**ဒုတိယ** သေဘေးကိုဖြစ်စေ၊ အပြင်းအထန် နာကျင်စေရမည့်ဘေးကို ဖြစ်စေ တားဆီးရန်အကြောင်းအတွက် သော်လည်းကောင်း၊ ပြင်းထန်သော ရောဂါ ဝေဒနာကို ဖြစ်စေ၊ မစွမ်းမသန်ခြင်း ကို ဖြစ်စေ ပျောက်ကင်းအောင် အကြောင်းအတွက် သော် လည်းကောင်း မဟုတ်လျှင် ဤကင်းလွတ်ချက်သည် သေတန် ရာသည်ကို ပြုသူ သိသည့် ပြုလုပ်မှုနှင့် မသက်ဆိုင်။

**တတိယ** သေဘေးကို ဖြစ်စေ၊ အပြင်းအထန် နာကျင်စေမည့်ဘေးကို ဖြစ်စေ တားဆီးရန် အကြောင်းအတွက် သော်လည်းကောင်း၊ ပြင်းထန်သော ရောဂါဝေဒနာကို ဖြစ်စေ၊ မစွမ်းမသန်ခြင်းကို ဖြစ်စေ ပျောက်ကင်းအောင် ကုသရန် အကြောင်းအတွက် သော်လည်းကောင်း မဟုတ်လျှင် ဤကင်းလွတ်ချက်သည် အပြင်းအထန် နာကျင်စေရန် အလိုအလျောက် ပြုလုပ်မှုနှင့်


mgyoe.com

mgyoe.com
SAMPLE BOOK

- သို့တည်းမဟုတ် အပြင်းအံ့ထန် နာကျင်စေရန် အားထုတ်မှုနှင့် မသက်ဆိုင်။

**စတုတ္ထ** ဤကင်းလွတ်ချက်သည် ပြစ်မှု တစ်ခုခုကို ကျူးလွန်ခြင်းနှင့် မသက်ဆိုင်လျှင် ထိုပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီခြင်း နှင့်လည်း မသက်ဆိုင်။

**ဥပမာ**

မောင်ဖြူသည် ကျောက်ကို ထုတ်ယူလျှင် မိမိ၏ ကလေး သေတန်ရာ သည်ကို သိသော်လည်း ကလေး သေစေရန် အကြံ မရှိ။ ကလေး သဘောမတူဘဲ ကလေး၏ အကျိုးငှာ သဘောရိုးနှင့် ခွဲစိတ်ကု ဆရာဝန် တစ်ယောက်ကို ကျောက် ထုတ်ယူစေရာ ကလေးကို ရောဂါ ပျောက် ကင်းစေရန် သဘောရိုး ထားရှိသည် ဖြစ်ခြင်းကြောင့် မောင်ဖြူ၏ ပြု လုပ်မှုသည် ဤကင်းလွတ်ခွင့်အတွင်း ကျရောက်သည်။

**စီရင်ထုံး**

ဆရာသည် ကျောင်းတွင် တပည့်၏ အုပ်ထိန်းသူ ဖြစ်သည့်အလျောက် တပည့်၏ အကျိုးအတွက် လိမ္မာရေးခြား ရှိစေရန် ရက်ရက်စက်စက် မဟုတ်ဘဲ သင့်တင့်လျောက်ပတ်စွာ သဘောရိုးဖြင့် ရိုက်နှက်ဆုံးမခွင့် ရှိသည်။ ကျောင်းပြင်ပတွင် ဖြစ်ပွားသည့်ကိစ္စနှင့် ပတ်သက်၍လည်း ရက်ရှည် ကျောင်းပိတ်ရက်များအတွင်း မဟုတ်ပါက တပည့်သည် မိဘ ကိုယ်စား ဆရာ၏ အုပ်ထိန်းမှုအောက်၌ပင် ရှိနေသည်ဟု ယူဆရမည် ဖြစ်၍ ကျောင်း၏စည်းကမ်းကို ထိန်းသိမ်းသည့်အနေဖြင့် တော်သင့်ရုံ ရိုက်နှက် ဆုံးမနိုင်ပေသည်။

*အစိုးရ နှင့် မောင်ဘသောင်း*

အတွဲ (၃)၊ ရန်ကုန် ၆၅၉

(၁၁) 'ကျား'သည် ပုဒ်မ ၉၂ ကို ရင်းပုဒ်မ၏ ဥပမာ (ခ) နှင့် တွဲဖက် မှတ်သားခြင်း ဖြစ်သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

**ပုဒ်မ ၉၂။** တစ်ဦးတစ်ယောက်သောသူ၏ သဘောတူညီချက်ကို မရသော်လည်း ထိုသူသည် သဘောတူကြောင်း မဖော်ပြနိုင်သည့် အခြေအနေသို့ ဆိုက်ရောက်သောအခါတွင် သို့တည်းမဟုတ် ထိုသူသည် သဘောတူရန် မစွမ်းနိုင်သည့်အပြင် ထိုသူ၏အကျိုးအတွက် အချိန်မီ သဘောတူညီချက် ရယူရန် ထိုသူ၏ အုပ်ထိန်းသူ ဖြစ်စေ၊ ဥပဒေနှင့်အညီ စောင့်ရှောက်ရသူဖြစ်စေ မရှိသည့်အခါမျိုးတွင် ထိုသူ၏ အကျိုးငှာ သဘောရိုးဖြင့် ပြုလုပ်သည့် ပြုလုပ်မှုသည် ထိုသူကို ဘေးအန္တရာယ် ဖြစ်စေနိုင်သည်ဟူသော အကြောင်းကြောင့် ပြစ်မှုမမြောက်။ သို့ရာတွင်-

**ခြွင်းချက်များ**

**ပထမ** ဤကင်းလွတ်ချက်သည် တမင် သေစေခြင်းနှင့် သို့တည်းမဟုတ် သေစေရန် အားထုတ်ခြင်းနှင့် မသက်ဆိုင်။

**ဒုတိယ** သေဘေးကို ဖြစ်စေ၊ အပြင်းအထန်နာကျင်စေမည့်ဘေးကို ဖြစ်စေ တားဆီးရန်အကြောင်းအတွက်ကြောင့် သော်လည်းကောင်း၊ ပြင်းထန်သော ရောဂါဝေဒနာကို ဖြစ်စေ၊ မစွမ်းမသန်ခြင်းကို ဖြစ်စေ ပျောက်ကင်းအောင် ကုသရန်အတွက် သော်လည်းကောင်း မဟုတ်လျှင် ဤကင်းလွတ်ချက်သည် သေတန်ရာသည်ကို ပြုသူ သိသည့် ပြုလုပ်မှုနှင့် မသက်ဆိုင်။

**တတိယ** သေဘေးကို ဖြစ်စေ၊ နာကျင်စေမည့် ဘေးကို ဖြစ်စေ တားဆီးရန်အကြောင်းအတွက် မဟုတ်လျှင် ဤကင်းလွတ်ချက်သည် နာကျင်စေရန် အလိုအလျောက် ပြုလုပ်မှုနှင့် သို့တည်းမဟုတ် နာကျင်စေရန် အားထုတ်မှုနှင့် မသက်ဆိုင်။

**စတုတ္ထ** ပြစ်မှုတစ်ခုကို ကျူးလွန်ခြင်းနှင့် မသက်ဆိုင်လျှင် ဤကင်းလွတ်ချက်သည် ထိုပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီခြင်းနှင့်လည်း မသက်ဆိုင်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဥပမာ

(ခ) မောင်မဲကို ကျားချီသွားရာ မောင်မဲကို သေနတ် မှန်လျှင် သေတန်ရာသည်ကို သိလျက် မောင်မဲ အသက်ဘေးမှ ချမ်းသာရာ ရစေရန် သဘောရိုးဖြင့် မောင်ဖြူက ကျားကို သေနတ်နှင့် ပစ်သည်။ သို့ ပစ်သဖြင့် မောင်မဲမှာ မောင်ဖြူ၏ ကျည်ဆန် ထိ၍ သေလောက်အောင် ဒဏ်ရာ ရစေကာမူ မောင်ဖြူသည် ပြစ်မှု ကျူးလွန်ရာ မရောက်။

(၁၂) 'ကြား'သည် သဘောရိုးဖြင့် အကြောင်းကြားသော ပုဒ်မ ၉၃ ကို မှတ်သားသည့် စကားရပ် ဖြစ်သည်။

**ပုဒ်မ ၉၃။** တစ်ဦးတစ်ယောက်သောသူ၏အကျိုးငှာ သဘောရိုးဖြင့် ထိုသူကို အကြောင်းကြားလျှင် ထိုသို့ အကြောင်းကြားခြင်းကြောင့် ထိုသူ၌ ဘေးအန္တရာယ် ရောက်သော်လည်း အကြောင်းကြားသူသည် ပြစ်မှုကျူးလွန်ရာမရောက်။

ဥပမာ

ခွဲစိတ်ကုဆရာဝန် ဦးဖြူက လူနာတစ်ယောက်ကို အသက်ရှင်နိုင်ခွင့် မရှိဟု သဘောရကြောင်းကို သဘောရိုးဖြင့် အကြောင်းကြားခြင်းကြောင့် လူနာသည် ထိတ်လန့်၍ သေဆုံး၏။ ဤသို့ အကြောင်းကြားခြင်းဖြင့် လူနာ သေတန်ရာသည်ကို ဦးဖြူ သိစေကာမူ ဦးဖြူသည် ပြစ်မှု ကျူးလွန်ရာ မရောက်။

**(၁၃) ခြိမ်းခြောက် နိုင်းစေမှုကြောင့် ပြုလုပ်ရသည့် ပြုလုပ်မှု (Compulsion)**

(၁၃) 'ခုသတ်'သည် 'တစ်မုဟုတ်ချင်း' သေဘေးဆိုက်သည် ဆိုသော စကားရပ် ပါရှိသည့် ပုဒ်မ ၉၄ ကို မှတ်သားခြင်း ဖြစ်သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

**ပုဒ်မ ၉၄။** လူသတ်မှုနှင့် သေဒဏ်ထိုက်သော နိုင်ငံတော် အစိုးရကို ဆန့်ကျင် ကျူးလွန်သော ပြစ်မှုများမှအပ ပြစ်မှုတစ်ခုကို ပြုလုပ်ရန် ငြင်းဆန်လျှင် တစ်မုဟုတ်ချင်း သေဘေးဆိုက်မည်ဟု စိုးရိမ်ဖွယ်ရာ ယုတ္တိရှိလောက်အောင် ခြိမ်းခြောက်ခြင်း ခံရသဖြင့် ပြုရလျှင် ထိုပြုသူ၏ ပြုလုပ်မှုသည် ပြစ်မှု မမြောက်။ သို့ရာတွင် ထိုသူသည် ထိုသို့ ခြိမ်းခြောက်ခံရသည့် အခြေသို့ မိမိ အလိုအလျောက် သော်လည်းကောင်း၊ တစ်မုဟုတ်ချင်း သေဘေးဆိုက်ရောက်မည်ဟု စိုးရိမ်ဖွယ်ရာ ယုတ္တိမရှိဘဲနှင့် သော်လည်းကောင်း ရောက်ရှိခြင်း မဖြစ်ခဲ့စေရ။

**ရှင်းလင်းချက် (၁)။** မိမိအလိုအလျောက် ဖြစ်စေ၊ ရိုက်ပုတ်မည်ဟု ခြိမ်းခြောက်ခြင်း ခံရသောကြောင့် ဖြစ်စေ ဓားပြလူဆိုးတို့၏ အကျင့်အကြံများကို သိလျက်နှင့် ဓားပြလူဆိုးဂိုဏ်းသို့ ဝင်သောသူသည် ဥပဒေအရ ပြစ်မှုမြောက်သော ပြုလုပ်မှုကို ဓားပြလူဆိုးများက ခြိမ်းခြောက်သဖြင့် ပြုလုပ်ရသည် ဟူသော အကြောင်းကြောင့် ဤကင်းလွတ်ချက်ပါ အကျိုးခံစားခွင့်ကို ခံစားထိုက်သည် မဟုတ်။

**ရှင်းလင်းချက် (၂)။** တစ်ဦးတစ်ယောက်သောသူကို ဓားပြလူဆိုးဂိုဏ်းက ဖမ်းဆီး၍ ဥပဒေအရ ပြစ်မှုမြောက်သော ပြုလုပ်မှုတစ်ခုကို မပြုလျှင် ချက်ချင်း သတ်ပစ်မည်ဟု ခြိမ်းခြောက်၍ အတင်းပြုစေသည်။ ဥပမာ ဆိုသော် ဓားပြလူဆိုးများက ပန်းဘဲတစ်ယောက်ကို ဖမ်းဆီး၍ ကိရိယာ တန်ဆာများကို ယူစေပြီးလျှင် အိမ်ထဲသို့ မိမိတို့ ဝင်၍ ဓားပြတိုက်နိုင်အောင် အိမ်တံခါးကို အတင်းချိုးဖျက်ခိုင်းသည်။ ထိုသို့ ချိုးဖျက်ရသဖြင့် ပန်းဘဲသည် ဤကင်းလွတ်ချက်ပါ အကျိုးခံစားခွင့်ကို ခံစားထိုက်သည်။

## (၁၄) ဘေးအန္တရာယ် အနည်းငယ်မျှသာ ဖြစ်စေသော သေးနုပ်သည့် ပြုလုပ်မှု (Trifles)

(၁၄) 'သေးငယ်ရင် ပြစ်မှုလို့ မသတ်မှတ်'သည် ပုဒ်မ ၉၅ နှင့် သက်ဆိုင်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ပုဒ်မ ၉၅။ လူသာမန်တို့ အရေးမယူလောက်အောင် သေးနုပ်သော ဘေးအန္တရာယ် ဖြစ်လျှင် ထိုဘေးအန္တရာယ်ကို ပြုသောသူသည် သို့တည်းမဟုတ် ထိုဘေးအန္တရာယ်ကို ဖြစ်စေရန် ကြံရွယ်သောသူသည် သို့တည်းမဟုတ် ထိုဘေးအန္တရာယ် ဖြစ်စေတန်ရာသည်ကို သိသောသူသည် ပြစ်မှု မထိုက်သင့်စေရ။

မှတ်ချက်။ ။ အင်္ဂလိပ်ရိုးရာ ဥပဒေ (English common law) တွင် maxim (ဆိုရိုးစကား) တစ်ခု ရှိသည်။

*de minimis non curat lex* 'the law does not care about mere trifles.'

'ဥပဒေသည် သေးနုပ်သော အမှုကိစ္စများကို အရေးယူ ဆောင်ရွက်လိမ့်မည် မဟုတ်။'

ယင်းကို de minimis rule ဟုလည်း ခေါ်သည်။ ပုံစံအားဖြင့် ရောင်းသူက ဝယ်သူထံသို့ ကုန်စည် တင်ပို့ရာတွင် ပဋိညာဉ်ပါ အရေအတွက် သို့မဟုတ် အလေးချိန် ပြည့်မီအောင် ပို့ပေးရမည့် တာဝန် ရှိသည်။ ယင်းတာဝန်ကို ပျက်ကွက်က ဝယ်သူသည် ကုန်စည်ကို လက်ခံရန် ငြင်းပယ်ခွင့် ရှိကြောင်း ကုန်စည် ရောင်းချခြင်း အက်ဥပဒေ The Sale of Goods Act section 37 (1) တွင် ပြဆိုထားသည်။

သို့ရာတွင် ကုန်စည် အမြောက်အမြား တင်ပို့ရာ၌ အနည်းငယ်မျှသော မဆိုစလောက် လျော့နည်းမှု ဖြစ်လျှင် de minimis rule အရ ကုန်စည်ကို ငြင်းပယ်ခွင့်၊ လျော်ကြေး တောင်းခွင့် မရှိကြောင်း *Suresh Kumar* v. *Asson Koya* (1989) အမှုတွင် ပြဆိုထားသည်။

## (၁၅) သဘောတူညီခြင်းနှင့် ပြစ်မှုဆိုင်ရာ ဥပဒေ

ရာဇသတ်ကြီးတွင် 'သဘောတူညီခြင်း' ဆိုသော စကားရပ်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုမထားပေ။ သဘောတူခြင်း မမြောက်သည့် အချက် ၅ ချက်ကိုသာ ပုဒ်မ ၉၀ တွင် ပြဆိုထားသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ယင်း ပုဒ်မပါ အင်္ဂါရပ်များကို-
'ကျိုးကြောင်း
သိယုံ
ပေါ့မူးယစ်
အသက် ၁၂ နှစ်' ဟု မှတ်သားနိုင်သည်။

ပုဒ်မ ၉၀

| | |
|---|---|
| ကျိုး | တစ်ဦးတစ်ယောက်သောသူသည် မိမိအကျိုး နစ်နာမည်ကို ကြောက်ရွံ့၍ ဖြစ်စေ၊ |
| ကြောင်း | အကြောင်းခြင်းရာ အမှန်ကို မသိ၍ ဖြစ်စေ သဘောတူလျှင်၊ ထို့ပြင် |
| သိ | ထိုသို့ သဘောတူခြင်းသည် ထိုသူ အကျိုးနစ်နာမည်ကို ကြောက်ရွံ့သောကြောင့် သော် လည်းကောင်း၊ ကြောင်းခြင်းရာ အမှန်ကို မသိသောကြောင့်သော် လည်းကောင်း သဘောတူခြင်းဖြစ်ကြောင်းကို ပြုလုပ်သူက သိလျှင် သို့မဟုတ် |
| ယုံ | ယုံကြည်ရန် အကြောင်းရှိလျှင် သို့တည်းမဟုတ် |
| ပေါ့ | စိတ်ပေါ့သွပ်ခြင်းကြောင့်ဖြစ်စေ၊ |
| မူးယစ် | မူးယစ်ခြင်းကြောင့်ဖြစ်စေ မိမိ သဘောတူမှု၏ သဘောနှင့် အကျိုးအပြစ်ကို မသိနိုင်သောသူက သဘောတူလျှင် သို့တည်းမဟုတ် |
| **အသက် ၁၂ နှစ်** | ရှေ့နောက် စကားကွဲလွဲခြင်း မရှိသည့်အချက်တွင် အသက် ၁၂ နှစ် မပြည့်သေးသော ကလေးက သဘောတူလျှင် |

ထိုသို့ သဘောတူခြင်းမျိုးသည် ဤရာဇသတ်ကြီးပါ ပုဒ်မ တစ်ခုခုက ရည်ရွယ်သော သဘောတူညီခြင်းမျိုး မမြောက်။


mgyoe.com

mgyoe.com
SAMPLE BOOK

**စီရင်ထုံး**

သဘောတူညီချက်သည် လွတ်လွတ်လပ်လပ်နှင့် စဉ်းစဉ်းစားစား ပေးသည့် သဘောတူညီချက် ဖြစ်ရမည်ဟု ဆိုလိုပေသည်။ ဤပုဒ်မ၏ တတိယအပိုဒ်တွင် ဆိုလိုသည်မှာ အသက် ၁၂ နှစ်အောက် ကလေးငယ်သည် မည့်သည့်အခါမျိုးတွင်မဆို သဘောတူညီချက်ကို မပေးနိုင်ဟု ဆိုလိုခြင်း မဟုတ်ပေ။ သဘောတူညီချက် ရှိသည် ဆိုသော ထုချေချက် တင်ပြချက် တင်ပြလာလျှင် အသက်အရွယ် နုနယ်ခြင်း၊ အကြောင်းခြင်းရာ အမှန် မသိခြင်း၊ ကြောက်ရွံ့၍ သဘောတူရခြင်း၊ အကျိုးအပြစ် မသိ၍ သဘောတူရခြင်း စသည့် အချက်များကြောင့် သဘောတူညီချက် မည် မမည် သုံးသပ်ရန် လိုပေသည်။

ခလီအူရာမန် နှင့် အစိုးရ
အတွဲ (၁၁)၊ ရန်ကုန် ၂၁၃

အကြောင်းခြင်းရာကို အမှန်မသိအောင် လိမ်လည်၍ လည်းကောင်း၊ လှည့်ဖြား၍ လည်းကောင်း ပြုကာ သဘောတူညီချက် ရယူခြင်းသည် ဥပဒေအရ သဘောတူညီချက် မမည်ပေ။ သစ်လိုင်စင်'စီ'က ထုတ်ခွင့်မပြုသော သစ်လုံးကို သစ်တောအရာရှိအား လှည့်ဖြား၍ ထုတ်ယူပါက သစ်တောအရာရှိ၏ သဘောတူညီချက် မမည်သဖြင့် သစ်လိုင်စင်'စီ' သည် ခိုးမှု ကျူးလွန်ရာရောက်သည်။

မောင်ဘချစ် နှင့် အစိုးရ
အတွဲ (၇)၊ ရန်ကုန် ၈၂၁

## (၁၆) သဘောတူညီချက်နှင့် ပြစ်မှုသီးခြားမြောက်သည့် ပြုလုပ်မှုများ

သဘောတူညီချက် ရှိ၍ ကင်းလွတ်ခွင့် ရသည့် ကိစ္စရပ် တချို့ကို ပုဒ်မ ၈၇၊ ၈၈၊ ၈၉ တို့တွင် ပြဋ္ဌာန်းထားသည်။ သို့သော် ပြုလုပ်မှုသည် ပြစ်မှု သီးခြား မြောက်လျှင် ကာယကံရှင်တို့က သဘောတူစေကာမူ ကင်းလွတ်ခွင့် မရနိုင်ကြောင်းကို ပုဒ်မ ၉၁ တွင် ပြဆိုထားသည်။



mgyoe.com

m·gyoe.com
SAMPLE BOOK

**ပုဒ်မ ၉၁။** ပုဒ်မ ၈၇၊ ၈၈၊ ၈၉ ပါ ကင်းလွတ်ချက်များသည် သဘောတူသူကိုသော်လည်းကောင်း၊ ထိုသူကိုယ်စား သဘောတူသူကိုသော်လည်းကောင်း ဖြစ်စေနိုင်သည့် ဘေးအန္တရာယ်ကို ဖြစ်စေ၊ ဖြစ်စေရန် ကြံရွယ်သည့် ဘေးအန္တရာယ်ကိုဖြစ်စေ၊ ဖြစ်စေတန်ရာသည်ကို သိနိုင်သည့် ဘေးအန္တရာယ်ကိုဖြစ်စေ ထောက်ထားရန် မလိုဘဲ ပြစ်မှု သီးခြားမြောက်သည့် ပြုလုပ်မှုများနှင့် မသက်ဆိုင်စေရ။

ဥပမာ

ကိုယ်ဝန်ပျက်စေရာတွင် (အမိ၏အသက်ကို ကယ်ဆယ်ရန် သဘောရိုးနှင့် ပြုလုပ်ခြင်း မဟုတ်လျှင်) အမိကို ဖြစ်စေနိုင်သည့် ဘေးအန္တရာယ်ကိုသော်လည်းကောင်း၊ ဖြစ်စေရန် ကြံရွယ်သည့်ဘေးအန္တရာယ်ကိုသော်လည်းကောင်း ထောက်ထားရန် မလို။ ထိုသို့ ကိုယ်ဝန် ပျက်စေခြင်းသည်ပင်လျှင် သီးခြား ဖြစ်သော ပြစ်မှု ဖြစ်လေသည်။ ထို့ကြောင့် ထိုပြစ်မှုသည် 'ဘေးအန္တရာယ် ဖြစ်စေသည် ဟူသော အကြောင်းကြောင့်' ဖြစ်သော ပြစ်မှုမျိုး မဟုတ်။ ထိုသို့ ကိုယ်ဝန် ပျက်စေသည်ကို အမိက ဖြစ်စေ၊ ထိုသူ၏ အုပ်ထိန်းသူက ဖြစ်စေ သဘောတူစေကာမူ ကိုယ်ဝန်ပျက်စေမှုကို ပြုလုပ်ပိုင်သည် မဟုတ်။

## (၁၇) ကာကွယ် ခုခံပိုင်ခွင့်အရ ပြုလုပ်မှု (Right of private defence)

ဤခေါင်းစဉ်အောက်တွင် ပုဒ်မ ၉၆ မှ ၁၀၆ အထိ ပုဒ်မ ၁၁ ခု ပါဝင်ပြီး လူ၏ကိုယ်ကို ကာကွယ်ခွင့်နှင့် ပစ္စည်းကို ကာကွယ်ခွင့်များအကြောင်း ပြဆိုထားသည်။

**ပုဒ်မ ၉၆။** ကာကွယ်ခုခံပိုင်ခွင့်အရ ပြုသော ပြုလုပ်မှုသည် ပြစ်မှု မမြောက်။


mgyoe.com

mgyoe.com
SAMPLE BOOK

**စီရင်ထုံး**

သေသူသည် တရားခံကို ရန်မူရန် ဓားမြှောင် ကိုင်၍ လှေကားထစ်များမှ အိမ်ပေါ်သို့ တက်အလာတွင် တရားခံက တွန်းချလိုက်သည်။ ရန်မမူနိုင်အောင် ခုခံကာကွယ်သည့်အနေနှင့် ပြုလုပ်လိုက်ခြင်းသည် ပုဒ်မ ၉၆ အရ ပြစ်မှုမမြောက်။

*မောင်ထွန်းရီအမှု*

၁၉၆၅ မတစ ၉၃၅

သက်သေခံဥပဒေပုဒ်မ ၁၀၅ အရ တရားခံ၏ပြုလုပ်မှုသည် ကာကွယ်ခုခံပိုင်ခွင့်အတွင်း ကျရောက်သည်ဟု ဆိုလျှင် ယင်းသို့ကျရောက်ကြောင်း သက်သေပြရန် တာဝန်သည် တရားခံပေါ်၌ တည်ရှိပေသည်။

*စံမြိုင် နှင့် ပြည်ထောင်စု*

၁၉၆၆ မတစ ၆၄၃

ကာကွယ်ခုခံပိုင်ခွင့်အတွင်း ကျရောက်ခြင်း ရှိ မရှိ ဆိုခြင်းနှင့် ပတ်သက်၍ ဒွိဟ သံသယ ဖြစ်ပေါ်နေပါက ထိုသံသယအကျိုးကို တရားခံ ခံစားရမည်။

*အစိုးရ နှင့် လှမောင်*

၁၉၄၆ ရန်ကုန်စီရင်ထုံး ၅၀

**ပုဒ်မ ၉၇။** ပုဒ်မ ၉၉ ပါ ကန့်သတ်ချက်များကို မဆန့်ကျင်စေဘဲ မည်သူမဆို-

**ပထမ။** လူ့ကိုယ်ကို ထိခိုက် ကျူးလွန်သည့် ပြစ်မှုကို တားဆီးရန် မိမိကိုယ်နှင့် အခြားသူ၏ ကိုယ်ကို ကာကွယ် ခုခံပိုင်ခွင့် ရှိသည်။

**ဒုတိယ။** ခိုးမှု သို့တည်းမဟုတ် လုယက်မှု သို့တည်းမဟုတ် အကျိုးဖျက်ဆီးမှု သို့တည်းမဟုတ် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ကျော်နင်းမှုကို သော်လည်းကောင်း၊ အဆိုပါ ပြစ်မှုမျိုးကို


mgyoe.com

mgyoe.com
SAMPLE BOOK

ကျူးလွန်ရန် အားထုတ်ခြင်းကိုသော်လည်းကောင်း တားဆီးရန် မိမိပိုင် ဖြစ်စေ၊ သူတစ်ပါးပိုင် ဖြစ်စေ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို သို့တည်းမဟုတ် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ကာကွယ် ခုခံပိုင်ခွင့်ရှိသည်။

**စီရင်ထုံး**

လူတစ်ဦးတစ်ယောက်သည် ရာဇသတ်ကြီးပုဒ်မ ၉၇ ၏ ပထမပိုဒ်အရ လူ့ကိုယ်ကို ထိခိုက်ကျူးလွန်သည့် ပြစ်မှုကို တားဆီးရန် မိမိကိုယ်နှင့် အခြားသူ၏ ကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့် ရှိသည်။ သေသူက အယူခံတရားလို၏ မိတ်ဆွေအား လက်သီးနှင့် ထိုးသောကြောင့် တရားလိုသည် ခုခံကာကွယ်ပိုင်ခွင့် ရ၏၊ သို့ရာတွင် သေသူသည် ရာဇသတ်ကြီးပုဒ်မ ၁၀၀ တွင် ဖော်ပြထားသည့် လက်ရောက်မှု တစ်ခုခုကို ကျူးလွန်ခဲ့ခြင်း မရှိသဖြင့် အယူခံတရားလိုသည် ခုခံကာကွယ်ပိုင်ခွင့်ကို သုံးရာ၌ သေသည်အထိ မပြုလုပ်နိုင်။

မောင်စံထွန်း *(အယူခံတရားလို)* နှင့် *ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံ တရားခံ)*

၁၉၆၆ မတစ ၄၄၁

နှစ်ဦးနှစ်ဖက် သဘောတူ စိန်ခေါ်၍ သတ်ပုတ်သည့် ကိစ္စများတွင် မည်သည့်ဘက်တွင်မှ ကာကွယ်ခုခံပိုင်ခွင့် မရှိ။ နှစ်ဖက်စလုံးပင် အပြစ်မကင်းသည့်အလျောက် မည်သူက ရန်ပွဲကို စတင်ခဲ့သည်ဟု စိစစ်ရန် လိုမည် မဟုတ်ပေ။

မောင်စိန် နှင့် *ပြည်ထောင်စု*

၁၉၄၈ မတစ ၃၄၄

**ပုဒ်မ ၉၈။** ပြုလုပ်မှု တစ်ခုခုသည် အသက်ငယ်ခြင်း၊ အမြော်အမြင် အဆင်အခြင် မပြည့်စုံသေးခြင်း၊ စိတ်ပေါ့သွပ်ခြင်း၊ မူးယစ်ခြင်း၊ အကြောင်းခြင်းရာ အမှန် မသိခြင်း တစ်ခုခုကြောင့် ထိုပြုလုပ်



mgyoe.com

mgyoe.com SAMPLE BOOK

မှုကို ပြုလုပ်သူအတွက် အပြစ်ဒဏ် မထိုက်သော်လည်း မည်သူမဆို ထိုပြုလုပ်မှုကို တားဆီးရန် ပြစ်မှုမြောက်သော ပြုလုပ်မှု ဖြစ်ဘိသကဲ့သို့ ကာကွယ်ခုခံပိုင်ခွင့် ရှိသည်။

ဥပမာ

မောင်ဖြူသည် ဥပဒေနှင့်အညီ ဝင်ခွင့်ရှိသော အိမ်တစ်အိမ်ထဲသို့ ညဉ့်အခါ ဝင်ရောက်၏။ မောင်မဲက မောင်ဖြူကို အိမ်ဖောက်ထွင်းသူ ဖြစ်မည်ဟု သဘောရိုးနှင့် ထင်၍ မောင်ဖြူကို အန္တရာယ်ပြု၏။ ဤတွင် မောင်မဲမှာ အကြောင်းခြင်းရာအမှန်ကို မသိခြင်းကြောင့် မောင်ဖြူကို အန္တရာယ်ပြုသော်လည်း ပြစ်မှု ကျူးလွန်ရာ မရောက်။ သို့ရာတွင် မောင်မဲသည် အကြောင်းခြင်းရာ အမှန်ကို သိလျက်နှင့် အန္တရာယ်ပြုဘိသကဲ့သို့ မောင်ဖြူမှာ မောင်မဲ၏ အန္တရာယ်ပြုခြင်းကို ကာကွယ် ခုခံပိုင်ခွင့် ရှိသည်။

(၁၈) ကာကွယ်ခုခံပိုင်ခွင့် မရှိသည့် ပြုလုပ်မှုများ (Acts against which three is no right of private defence)

ကာကွယ် ခုခံပိုင်ခွင့် မရှိသည့် ပြုလုပ်မှုများကို ပုဒ်မ ၉၉ တွင် ပြဋ္ဌာန်းထားပြီး အပိုဒ် ၄ ပိုဒ် ပါရှိရာ ယင်းတို့ကို-

‘ဝန်ညွှန်တိုင်ပို
အကာကွယ်မလို’ ဟု မှတ်သားနိုင်သည်။

ပုဒ်မ ၉၉

ဝန် သေဘေး ဖြစ်စေရန်သော်လည်းကောင်း၊ အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း စိုးရိမ်လောက်ဖွယ်ရာ အကြောင်း ယုတ္တိမရှိသော ပြုလုပ်မှုကို ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် သဘောရိုး နှင့် ပြုလုပ်လျှင် သို့တည်းမဟုတ် ပြုလုပ်ရန် အားထုတ်လျှင် ထိုသို့ ပြုလုပ်ခြင်း၊ အားထုတ်ခြင်း တစ်ခုခုမှာ ဥပဒေအရ ပြုလုပ်ခွင့်


mgyoe.com

mgyoe.com

SAMPLE BOOK

အတိအကျ မရှိသော်လည်း ထိုပြုလုပ်မှု အားထုတ်မှု တစ်ခုခုကို တားဆီးရန် ကာကွယ် ခုခံပိုင်ခွင့် မရှိ။

**ညွှန်** — သေဘေး ဖြစ်စေရန်သော်လည်းကောင်း၊ အပြင်းအထန် နာကျင်စေရန်သော်လည်း ကောင်း စိုးရိမ်လောက်ဖွယ်ရာ အကြောင်း ယုတ္တိ မရှိသည့် ပြုလုပ်မှုကို ပြည်သူ့ဝန်ထမ်း က ပြည်သူ့ဝန်ထမ်းအဖြစ် သဘောရိုးနှင့် ညွှန်ကြားသည့်အတိုင်း တစ်ဦးတစ်ယောက် သောသူက ပြုလျှင် သို့တည်းမဟုတ် ပြုရန် အားထုတ်လျှင် ထိုညွှန်ကြားချက်မှာ ဥပဒေ အရ ပြုပိုင်ခွင့် အတိအကျ မရှိသော်လည်း ထိုပြုလုပ်မှုကို တားဆီးရန် ကာကွယ် ခုခံ ပိုင်ခွင့် မရှိ။

**တိုင်** — ပြည်သူ့ဝန်ထမ်း အာဏာပိုင်တို့ထံမှ အကာ အကွယ် အစောင့်အရှောက် ရနိုင်ရန် တိုင်တန်းခွင့်ရှိသည့်ကိစ္စများတွင် ကာကွယ် ခုခံပိုင်ခွင့် မရှိ။

**ပို အကာအကွယ်မလို** — ကာကွယ် ခုခံရာတွင် ကာကွယ် ခုခံသော သဘောဖြင့် ဘေးအန္တရာယ်ပြုရန် လိုအပ် သည်ထက် ပို၍ ပြုပိုင်ခွင့် မရှိ။

**ရှင်းလင်းချက် (၁)။** ပြည်သူ့ဝန်ထမ်းအဖြစ် ပြုသော သို့တည်းမဟုတ် ပြုရန် အားထုတ်သောသူသည် ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု အပြုခံရ သူက မသိလျှင် သို့တည်းမဟုတ် ယုံကြည်ရန်အကြောင်း မရှိလျှင် ထို သူသည် ပြည်သူ့ဝန်ထမ်း၏ ပြုလုပ်မှုကို သို့တည်းမဟုတ် ပြုရန် အား ထုတ်မှုကို ကာကွယ်ခုခံပိုင်ခွင့် ရှိသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

**ရှင်းလင်းချက် (၂)။** ပြသူသည် ပြည်သူ့ဝန်ထမ်းတစ်ဦး၏ ညွှန်ကြားချက်အတိုင်း ပြသည်ကို သော်လည်းကောင်း၊ အားထုတ်သည်ကို သော်လည်းကောင်း အပြုခံရသူက မသိလျှင် သို့တည်းမဟုတ် ယုံကြည်ရန် အကြောင်းမရှိလျှင် သို့တည်းမဟုတ် မည်သည့် အာဏာအရ ပြုကြောင်းကို ပြသူက မပြောမဆိုလျှင် သို့တည်းမဟုတ် အာဏာကို စာဖြင့် ပေးထား ရရှိပါလျက် ထိုစာကို တောင်းဆိုသည့်အခါ မပြလျှင် အပြုခံရသူသည် အဆိုပါ ပြည်သူ့ဝန်ထမ်း၏ ညွှန်ကြားချက်အရ ပြုသည်ကို သို့တည်းမဟုတ် ပြုရန် အားထုတ်သည်ကို တားဆီးရန် ကာကွယ် ခုခံပိုင်ခွင့်ရှိသည်။

**စီရင်ထုံး**

ယစ်မျိုးအရာရှိတစ်ဦးသည် လက်နက်ကိုင်ထားသော ဘိန်းချသူကို လိုက်ဖမ်းရာ ၎င်းကို ခြောက်လှန့်သည့်အနေဖြင့် ခြောက်လုံးပူးသေနတ်ကို နှစ်ချက် မိုးပေါ် ထောင်ပစ်သည်။ ဤတွင် ဘိန်းကုန်ကူးသူက ဓားရှည်ကို ဆွဲထုတ်ပြီး ၎င်းအား ခုတ်သည်။ ယစ်မျိုးအရာရှိက ၎င်းကို ဖမ်းတားပြီး အော်ဟစ်အကူအညီ တောင်းရာ ယစ်မျိုးလုလင် ရောက်လာပြီး ၎င်းထံမှ ဓားကို ယူရန် ကြိုးစားရာတွင် ဘိန်းချသူက ၎င်းကို ဓားနှင့် ခုတ်သည်။ ဆုံးဖြတ်သည်မှာ ဘိန်းချသူသည် ယစ်မျိုးအရာရှိကို ဓားနှင့် ခုတ်ခွင့် ရှိသော်လည်း ယစ်မျိုးလုလင်ကို ခုတ်ခွင့် မရှိ။

နန္ဒ နှင့် အစိုးရ
(၁၉၁၇-၂၀) အထက်မြန်မာပြည် စီရင်ထုံး ၁၇၆

စော်ကားခံရသူအနေဖြင့် နှိုင်းနှိုင်းချိန်ချိန် တွေးတော စဉ်းစားရန် အချိန်မရှိသည်သာမက ဒေါသသွေးဆူနေဆဲအချိန် ဖြစ်သည့်အပြင် ကျရောက်ဆဲ ကျရောက်လတ္တံ့ဖြစ်သည့် အန္တရာယ်ကို ဖြစ်ရာနည်းလမ်းနှင့် ရှောင်တိမ်းမည် ဆိုသော ဆန္ဒ စောနေသည့်အလျောက် ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက် ပိုနေကောင်း ပိုနေမည် ဖြစ်သည် ဆိုခြင်းကို သတိမူရမည် ဖြစ်သည်။ ပြုလုပ်မှု တစ်ခုသည် ကာကွယ် ခုခံပိုင်ခွင့်

mgyoe.com

mgyoe.com
SAMPLE BOOK

အတွင်း ကျရောက်ခြင်း ရှိ မရှိ လိုအပ်သည်ထက် ပိုခဲ့ပါသလော ဆိုသည့် အချက်မှာ သို့လောသို့လော ဖြစ်နေပါက ထိုသံသယအကျိုးကို ထို တရားခံသာ ခံစားခွင့် ရှိပေသည်။

*အောင်ဘွင့် နှင့် အစိုးရ*
*၁၉၄၇ ရန်ကုန်စီရင်ထုံး ၅၀*
*မောင်ခင်မောင် နှင့် ပြည်ထောင်စု*
*၁၉၆၅ မတစ ၁၇၈*

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၉၉ - မုဒိမ်းပြုကျင့်ပြီးနောက် စက်ဘီး တွန်းသွားစဉ် ဓားဖြင့် ခုတ်သတ်ခြင်းသည် ခုခံပိုင်ခွင့်ပေးရန်အကြောင်း ဟုတ် မဟုတ်။

**ဆုံးဖြတ်ချက်။** ။ မောင်ကြည်ထွန်း၏ ဆောင်ရွက်ချက်သည် ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၉၉ အရ ခုခံပိုင်ခွင့် ရှိ မရှိ ဟူသော အချက်ကို စဉ်းစားရန် ဖြစ်သည်။ ဒေါ်ကြီးမေအား သေသူ ဦးထွန်းရွှေက မုဒိမ်း ပြုကျင့်ရန် ကြိုးစားနေစဉ် သို့မဟုတ် မုဒိမ်းပြုကျင့်နေစဉ် ဝင်ရောက် ကာကွယ်ပေးခြင်း မဟုတ်ဘဲ မုဒိမ်းပြုကျင့်ပြီးနောက် စက်ဘီး တွန်းသွား စဉ် ဓားဖြင့် ခုတ်သတ်ခဲ့ခြင်း ဖြစ်၍ ခုခံ ကာကွယ်ပိုင်ခွင့် ပေးရန် အကြောင်း မပေါ်ပေါက်ချေ။ ၎င်းအပေါ် ချမှတ်ထားသော ပြစ်ဒဏ် သည် များလွန်းသည်ဟု မဆိုနိုင်ချေ။

*မောင်ကြည်ထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်*
*၁၉၉၁ မတစ ၅*

## (၁၉) လူ့ကိုယ်ကို ခုခံ ကာကွယ်ပိုင်ခွင့်သည် မည်သည့်အခါတွင် လူသေစေရန် ပြုနိုင်ခြင်း (When the right of private defence of the body extends to causing death)

လူ့ကိုယ်ကို အန္တရာယ်ပြုသူအား သေစေသည်အထိ ပြုပိုင်ခွင့် ရှိသော ပြစ်မှု ခြောက်မျိုးကို ပုဒ်မ ၁၀၀ တွင် ပြဋ္ဌာန်းထားရာ-

mgyoe.com

mgyoe.com
SAMPLE BOOK

'သေနာ မုဒိမ်းဓမ္မတာ ခိုးဆောင်ချုပ်' ဟု မှတ်သားနိုင်သည်။

**ပုဒ်မ ၁၀၀။** အောက်ဖော်ပြပါ ပြစ်မှုများအနက် ပြစ်မှုတစ်ခုခုကို အန္တရာယ် ပြုသူက ကျူးလွန်ခဲ့လျှင် တစ်ဆက်တည်းဖြစ်သော အထက် ပုဒ်မ (ပုဒ်မ ၉၉) တွင် ဖော်ပြထားသည့် ကန့်သတ်ချက်များကို အထောက်အထားပြုကာ ထိုအန္တရာယ်ပြုသူကို သေစေရန် သော်လည်းကောင်း၊ အခြား ဘေးအန္တရာယ် တစ်ခုခု ဖြစ်စေရန် သော်လည်းကောင်း မည်သူမဆို မိမိအလိုအလျောက်ပြု၍ လူ့ကိုယ်ကို ကာကွယ် ခုခံပိုင်ခွင့် ရှိသည်။

| | | |
|---|---|---|
| သေ | ပထမ | မကာကွယ် မခုခံလျှင် သေဘေးသို့ ရောက်စေခြင်းအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်လောက်အောင် အကြောင်းရှိသည့် လက်ရောက်မှု။ |
| နာ | ဒုတိယ | မကာကွယ် မခုခံလျှင် အပြင်းအထန်နာကျင်စေခြင်းအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်လောက်အောင် အကြောင်း ရှိသည့် လက်ရောက်မှု။ |
| မုဒိမ်း | တတိယ | မုဒိမ်းကျင့်ရန် အကြံအစည်နှင့် ကျူးလွန်သည့် လက်ရောက်မှု။ |
| ဓမ္မတာ | စတုတ္ထ | ကာမရာဂစိတ်ကို ဓမ္မတာအတိုင်း မဟုတ်ဘဲ ရောင့်ရဲအောင်ပြုလုပ်ရန် အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှု။ |
| ခိုးဆောင် | ပဉ္စမ | လူကို ခိုးယူရန်အကြံနှင့်သော်လည်းကောင်း၊ သွေးဆောင်ခေါ်ငင်ရန် အကြံနှင့်သော်လည်းကောင်း ကျူးလွန်သည့် လက်ရောက်မှု။ |
| ချုပ် | ဆဋ္ဌမ | လွတ်မြောက်ရေးအတွက် ပြည်သူ့ဝန်ထမ်း အာဏာပိုင်တို့ထံ တိုင်တန်းခွင့် မရနိုင်ဟု |

mgyoe.com

mgyoe.com
SAMPLE BOOK

စိုးရိမ်ဖွယ်ရာအကြောင်း ဖြစ်လောက်အောင် အကြောင်းကို ဖြစ်စေပြီးလျှင် တစ်ဦး တစ်ယောက်သောသူအား မတရား ချုပ်နှောင်ထားရန် အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှု။

**စီရင်ထုံး**

ခြေတစ်ချောင်းသာ ရှိသော တရားခံကို သေသူက ရန်ပြုရာတွင် ပထမ ဝါးလုံးနှင့် ရိုက်သည်၊ နောက် ဓားနှင့် ခုတ်သည်။ ဤတွင် တရားခံသည် ချိုင်းထောက်၌ ဝှက်ထားသော ဓားမြှောင်နှင့် ပြန်ထိုးသည်။ ထိုသို့ ထိုးခြင်းသည် ပုဒ်မ ၁၀၀ အရ ပြစ်မှု မမြောက်။

*မောင်မြစော* နှင့် *ပြည်ထောင်စု*
၁၉၆၀ မတစ ၄၆ (လွှတ်တော်)

သေသူက ဓား ကိုင်၍ ရန်မူရန် ပြေးလာသဖြင့် တရားခံသည် လှံဖြင့် တစ်ချက် ထိုး၍ သေဆုံးရခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်အတွင်း ကျရောက်သည်။

ကျော်ဇံ နှင့် အစိုးရ
အတွဲ (၉)၊ မတစ ၁၉၁

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၀ - အန္တရာယ် ဖြစ်အောင် စတင်ပြုလုပ်သူ လက်နက်မဲ့ ဖြစ်နေသည့်အချိန်တွင် အပြင်းအထန် ဒဏ်ရာများဖြင့် သေစေခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်အတွင်း ကျရောက်ခြင်း ရှိ မရှိ။

**ဆုံးဖြတ်ချက်။** သေသူ၏ လက်ဝယ်မှ ရဲတင်းကို လုယူလိုက်ပြီးနောက် မောင်တင်ရွှေသည် သေသူ၏လက်တွင် သေစေလောက်သည့် လက်နက် တစ်စုံတစ်ရာ မရှိတော့သည့်အခါ သေသူ၌ ဒဏ်ရာ ၈ ချက် ရ



mgyoe.com

mgyoe.com
SAMPLE BOOK

သည်အထိ ပြုလုပ်မှုကို ပြုလုပ်ခဲ့ခြင်း ဖြစ်၍ ကာကွယ် ခုခံပိုင်ခွင့်ကို လိုအပ်သည်ထက် ပိုမို သုံးစွဲခဲ့သည်ဟု မှတ်ယူရပေမည်။

*ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် မောင်တင်ရွှေ*

၁၉၈၄ မတစ ၈၄

**ပုဒ်မ ၁၀၁။** တစ်ဆက်တည်းဖြစ်သော အထက် ပုဒ်မ (ပုဒ်မ ၁၀၀) တွင် ဖော်ပြထားသော ဘေးအန္တရာယ် ပြုသူက ပြစ်မှုများအနက် တစ်ခုခုကို ကျူးလွန်ခဲ့သည် မဟုတ်လျှင် ထိုအန္တရာယ်ပြုသူ သေအောင် မည်သူမဆို မိမိအလိုအလျောက် လူ့ကိုယ်ကို ကာကွယ် ခုခံပိုင်ခွင့် မရှိ။ သို့ရာတွင် ပုဒ်မ ၉၉ တွင် ဖော်ပြထားသည့် ကန့်သတ်ချက်များကို အထောက်အထားပြုကာ အန္တရာယ်ပြုသူကို သေစေခြင်းမှ တစ်ပါး အခြား ဘေးအန္တရာယ် ဖြစ်စေရန် မည်သူမဆို မိမိ အလိုအလျောက်ပြု၍ လူ့ကိုယ်ကို ကာကွယ် ခုခံပိုင်ခွင့် ရှိသည်။

**စီရင်ထုံး**

သေသူသည် အယူခံ တရားလိုကို အရှည် နှစ်တောင်၊ လုံးပတ် တစ်ကျပ်ခန့် ရှိသော တုတ်နှင့် စတင်ပြီး နှစ်ချက်သုံးချက် ရိုက်သောကြောင့် အယူခံ တရားလိုသည် ခုခံကာကွယ်ပိုင်ခွင့် ရှိသည် ဆိုခြင်းမှာ မငြင်းနိုင်။ သို့ရာတွင် အယူခံ တရားလိုသည် သေသူအား ဓားနှင့် အချက်ပေါင်း ငါးချက်တိတိ ထိုးခဲ့ခြင်း ဖြစ်၍ ၎င်းသည် ခုခံကာကွယ်ပိုင်ခွင့်ကို လိုသည်ထက် ပို၍ အသုံးပြုမိကြောင်း ပေါ်ပေါက်နေသည်။

*မောင်ကျော်နု နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ*

၁၉၆၆ မတစ ၄၁၅

mgyoe.com

mgyoe.com SAMPLE BOOK

## (၂၀) လူ့ကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့် စတင် ဖြစ်ပေါ်သည့်အခါနှင့် ဆက်လက်တည်ရှိနေမည့် ကာလအပိုင်းအခြား

**ပုဒ်မ ၁၀၂။** ပြစ်မှု ကျူးလွန်ခြင်း မရှိသေးသော်လည်း ပြစ်မှုကို ကျူးလွန်ရန် အားထုတ်မှုမှ သော်လည်းကောင်း၊ ခြိမ်းခြောက်မှုမှ သော်လည်းကောင်း လူ့ကိုယ်ကို ဘေးအန္တရာယ် ဖြစ်စေမှုအတွက် စိုးရိမ်ဖွယ်ရာအကြောင်း ပေါ်ပေါက်လာသည်နှင့်တစ်ပြိုင်နက် လူ့ကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့် စတင် ဖြစ်ပေါ်လာသည်။ ထို့ပြင် အဆိုပါ ဘေးအန္တရာယ်အတွက် စိုးရိမ်ဖွယ်ရာအကြောင်း ဆက်လက် တည်ရှိနေသမျှ ကာလပတ်လုံး လူ့ကိုယ်ကို ကာကွယ် ခုခံပိုင်ခွင့်လည်း ဆက်လက် တည်ရှိလျက်နေသည်။

**စီရင်ထုံး**

တရားခံသည် သေသူထံမှ ထမ်းပိုးကျည်းကို လုယူ ရရှိသောအခါ သေသူက အပြင်းအထန် နာကျင်အောင် ဘေးမပြုနိုင်တော့ဟု ဆိုခြင်းသည် မမှန်ကန်။ သေသူသည် မိမိထံမှ ထမ်းပိုးကျည်းကို ပြန်လုမည် ပြုသောအခါ မိမိက ရိုက်လိုက်ခြင်း ဖြစ်သည်ဟု တရားခံက ထွက်ဆိုထားသည်။ သေသူသည် တရားခံကို ထပ်မံ ရန်မူရန် ၎င်းထံမှ ထမ်းပိုးကျည်းကို ပြန်လုရန် ကြိုးပမ်းသည် ဆိုခြင်းမှာ ဖြစ်ဖွယ်ရာအကြောင်း ရှိသည်။ အနီးရှိ မိတ်ဆွေတို့သည် သေသူကို ဝင်ဆွဲကြောင်း မည်သူမျှ ထွက်ဆိုထားခြင်း မရှိချေ။ ဘေးအန္တရာယ် အမှန်တကယ် ဆက်လက် တည်ရှိမရှိကို စဉ်းစားရန် မဟုတ်။ ထိုကဲ့သို့ ဘေးအန္တရာယ် ဖြစ်စေမည်ဟု စိုးရိမ်ဖွယ်ရာအကြောင်း ရှိ မရှိသာ အမှန် စဉ်းစားဆုံးဖြတ်ရမည့် ပြဿနာ ဖြစ်သည်။ သေသူသည် ထမ်းပိုးကျည်း ရရန်အလို့ငှာ တရားခံနှင့် ပြိုင်လုနေသမျှ ကာလပတ်လုံး တရားခံသည် ဘေးအန္တရာယ်မှ မလွတ်ကင်းသေး။ သို့ဖြစ်၍ တရားခံသည် သေသူကို ကာကွယ်ခုခံပိုင်ခွင့်အရ ရိုက်ပုတ်ခြင်း ဖြစ်သည်။

*ထွန်းကြိုင်အမှု*

၁၉၄၈ မတစ ၆၆

mgyoe.com

mgyoe.com
SAMPLE BOOK

## (၂၁) ပစ္စည်းကို ခုခံကာကွယ်ပိုင်ခွင့်သည် မည်သည့်အခါတွင် လူကို သေစေရန် ပြုနိုင်ခြင်း (When the right of defence of property extends to causing death)

ပစ္စည်းကို ခုခံကာကွယ်ပိုင်ခွင့်တွင် မည်သည့်အခါ လူကို သေစေရန် ပြုနိုင်ခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၀၃ တွင် ပြစ်မှု အမျိုးအစား ခြောက်မျိုးကို နံပါတ်စဉ် လေးမျိုးဖြင့် ခွဲခြား ဖော်ပြထားသည်။ ယင်းတို့ကို-

'လု ဖောက် မီးရှို့
ခိုး ဖျက် နင်းကျော်
သေနာသော်' ဟူ၍ မှတ်သားနိုင်သည်။

ပုဒ်မ ၁၀၃

| | | |
|---|---|---|
| လု | ပထမ | လုယက်မှု |
| ဖောက် | ဒုတိယ | ညဥ့်အခါ အိမ်ဖောက်ထွင်းမှု |
| မီးရှို့ | တတိယ | လူနေရန်ဖြစ်စေ၊ ဥစ္စာပစ္စည်းထားသိုရန်ဖြစ်စေ အသုံးပြုသည့် တိုက်အိမ် အစရှိသည့် အဆောက်အအုံ၊ တဲ၊ ရေယာဉ် တစ်ခုခုတွင် ကျူးလွန်သည့် မီးဖြင့် အကျိုးဖျက်ဆီးမှု။ |
| ခိုးဖျက်နင်းကျော် သေနာသော် | စတုတ္ထ | မကာကွယ် မခုခံဘဲ နေပါက သေဘေးကို သို့တည်းမဟုတ် အပြင်းအထန် နာကျင်ခြင်း ခံရမည်ကို စိုးရိမ်ရန် အကြောင်းရှိအောင် ကျူးလွန်သည့် ခိုးမှု သို့တည်းမဟုတ် အကျိုးဖျက်ဆီးမှု သို့တည်းမဟုတ် အိမ်ကျော်နင်းမှု။ |

mgyoe.com

mgyoe.com
SAMPLE BOOK

**စီရင်ထုံး**

မိမိကြံခင်းကို သူခိုးများ ဝင်၍ ကြံခိုးသဖြင့် တစ်ညတွင် ထိုင်စောင့်နေရာ သူခိုး ဝင်လာသံ ကြားရသည်။ ကြံများ ခုတ်သံလည်း ကြားရသည်။ တရားခံက အသံ ကြားရာသို့ ဒူးလေးနှင့် ပစ်ရာ သူခိုး ထိမှန် သေဆုံးသည်။ ကြံခုတ်ရာတွင် သူခိုးသည် ဓားကို အသုံးပြုသဖြင့် သူခိုးကို မောင်းထုတ်ရန် ၎င်း၏အနီးသို့ သွားလျှင် သူခိုးက ဓားနှင့် ခုတ်လိမ့်မည်ဟု တရားခံအနေဖြင့် စိုးရိမ်မှု ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ တရားခံသည် မိမိပစ္စည်းကို ကာကွယ်ရာ၌ သူခိုးကို ဒူးလေးနှင့် ပစ်နိုင်သည်။

အစိုးရ နှင့် ကျော်ဇံလှ
အတွဲ (၁၀)၊ မတစ ၂၆၃

အကြမ်းဖက်မှု မပါသော ခိုးမှုကို ကျူးလွန်သူအား သေစေခြင်းကို မပြုနိုင်။ ကြက်သူခိုးကို သေစေခြင်းသည် ကာကွယ် ခုခံပိုင်ခွင့်ကို လိုသည်ထက် ပို၍ အသုံးပြုရာရောက်သဖြင့် လူသေမှုကို ကျူးလွန်ရာရောက်သည်။

မောင်တင်ရွှေ နှင့် *ပြည်ထောင်စု*
၁၉၆၄ မတစ ၂၀၉

ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှား စီရင်ခြင်း၊ ပစ္စည်းကာကွယ်ခုခံပိုင်ခွင့်သည် မည်သည့်အခါတွင် လူကို သေစေသည်အထိ ရာဇသတ်ကြီး ပုဒ်မ ၁၀၃ အရ ပြုလုပ်ပိုင်ခွင့် ရှိခြင်း၊ ရာဇသတ်ကြီး ပုဒ်မ ၉၉ အရ ကာကွယ်ခုခံပိုင်ခွင့် မရှိသည့် ပြုလုပ်မှု။

**ဆုံးဖြတ်ချက်။** ။ ရာဇသတ်ကြီး ပုဒ်မ ၁၀၃ အရ လူတစ်ဦးသည် ညဥ့်အခါ အိမ်ဖောက်ထွင်းမှု ကျူးလွန်သူကို သေစေသည့်အထိ ပြုပိုင်ခွင့် ရှိသည်။ ထိုပြုလုပ်ပိုင်ခွင့်မှာ ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့်တွင် ကျရောက်သည်။ သို့ရာတွင် ထိုခုခံကာကွယ်ပိုင်ခွင့်မှာ ပုဒ်မ ၉၉

mgyoe.com

mgyoe.com
SAMPLE BOOK

တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုသည်ထက် ပို၍ အသုံးပြုနိုင်ခွင့် မရှိချေ။

အယူခံ တရားလိုသည် သေသူအား ဓားကိုင်၍ ရပ်နေသည်ကို တွေ့၍ မည်သူလဲဟု မေးရာ ပြန်မဖြေသဖြင့် သေနတ်နှင့် ပစ်လိုက်ခြင်း ဖြစ်သည်။ သေနတ်နှင့် ပစ်စဉ် အချိန်က ၎င်းတို့သည် လေးလံခန့် ဝေးသည့်အပြင် သေသူမှာ ရှေ့သို့ တိုးလာခြင်း မပြုဘဲ ရပ်နေရာ အယူခံ တရားလိုအနေနှင့် သေသူကို သေနတ်နှင့် ပစ်ရန်အကြောင်း မပေါ်ပေါက်ပေ။ လက်နှိပ်ဓာတ်မီးဖြင့် ထိုးထားသဖြင့် သေသူကို တွေ့မြင်နေပြီ ဖြစ်ရာ ဓားကိုချ၍ အဖမ်းခံရန် ပြောဆိုက သေသူအနေနှင့် ထွက်ပြေးလိမ့်မည် မဟုတ်ပေ။ ထိုကဲ့သို့ အခြေတွင် သေနတ်နှင့် ပစ်ခတ်ခဲ့သည့် အယူခံ တရားလို၏ ပြုမူချက်မှာ လိုအပ်သည့် ဘေးအန္တရာယ်ထက် ပို၍ ပြုလုပ်ခဲ့ကြောင်း ထင်ရှားသည်။

သို့ဖြစ်ရာ အယူခံ တရားလိုသည် ရာဇသတ် ပုဒ်မ ၃၀၄ အရ အပြစ်ရှိသည် ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်။

*မောင်တင်ဖေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ*
၁၉၆၆ မတစ ၁၀၀၁

**ပုဒ်မ ၁၀၄။** တစ်ဦးတစ်ယောက်သောသူသည် တစ်ဆက်တည်း ဖြစ်သော အထက် ပုဒ်မ (ပုဒ်မ ၁၀၃) တွင် ဖော်ပြထားသော ပြစ်မှုမျိုး မဟုတ်သည့် ခိုးမှု၊ အကျိုးဖျက်ဆီးမှု၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ကျော်နင်းမှု တစ်ခုခုကို ကျူးလွန်လျှင် သို့တည်းမဟုတ် ကျူးလွန်ရန် အားထုတ်လျှင် ထိုသူကို သေစေရန် မည်သူမဆို မိမိအလိုအလျောက်ပြု၍ ပစ္စည်းကို ကာကွယ် ခုခံပိုင်ခွင့် မရှိ။ သို့ရာတွင် ပုဒ်မ ၉၉ ၌ ဖော်ပြထားသည့် ကန့်သတ်ချက်များကို အထောက်အထားပြုကာ ထို မတော်မမှန် ပြုသူကို သေစေခြင်းမှတစ်ပါး အခြား ဘေးအန္တရာယ် ဖြစ်စေရန် မည်သူမဆို မိမိအလိုအလျောက် ပြု၍ ပစ္စည်းကို ကာကွယ် ခုခံပိုင်ခွင့် ရှိသည်။


mgyoe.com

mgyoe.com SAMPLE BOOK

## (၂၂) ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့် စတင်ဖြစ်ပေါ်သည့်အခါနှင့် ဆက်လက် တည်ရှိနေသည့် ကာလအပိုင်းအခြား

ဤခေါင်းစဉ်နှင့်စပ်လျဉ်း၍ ပုဒ်မ ၁၀၅ တွင် အပိုဒ်လေးပိုဒ်ဖြင့် ဖော်ပြထားရာ-

(၁) ခိုးမှု။ ။ ထွက်ကူရ

(၂) လုယက်မှု။ ။ သေနာတားပြုအား တစ်မုဟုတ်ချင်း သေနာ နှောင် ကြောက်အောင်

(၃) ကျော်နင်းမှု၊ အကျိုးဖျက်ဆီးမှု။ ။ ကာလပတ်လုံး။

(၄) ညဥ့်အခါ အိမ်ဖောက်ထွင်းမှု။ ။ ကာလပတ်လုံး။

ဟူ၍ မှတ်သားနိုင်သည်။

**ပုဒ်မ ၁၀၅**

အပိုဒ် (၁) ပစ္စည်းကို ကာကွယ် ခုခံပိုင်ခွင့်သည် ပစ္စည်းကို ဘေးအန္တရာယ် ဖြစ်စေမည့် စိုးရိမ်ဖွယ်ရာအကြောင်း ပေါ်ပေါက်လာသည့်အခါမှ အစပြုသည်။

ထွက် ခိုးမှုမှပစ္စည်း ကာကွယ်ပိုင်ခွင့်သည် ပြစ်မှု ကျူးလွန်သူက ခိုးရာပါ ပစ္စည်းနှင့်တကွ ထွက်ခွာသွားသည့်တိုင်အောင် သို့တည်းမဟုတ်

ကူ ပြည်သူ့ဝန်ထမ်းထံမှ အကူအညီ ရသည့်တိုင်အောင် သို့တည်းမဟုတ်

ရ ပစ္စည်းကို ပြန်ရသည့်တိုင်အောင် ဆက်လက်တည်နေသည်။

အပိုဒ် (၂) သေ။ ။ လုယက်မှုမှ ပစ္စည်း ကာကွယ် ခုခံပိုင်ခွင့်သည် ပြစ်မှု ကျူးလွန်သူက တစ်ဦးတစ်ယောက်သောသူကို သေအောင် သော်လည်းကောင်း

mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| **နာ** | နာကျင်အောင်သော်လည်းကောင်း |
| **တား** | မတရား တားဆီးရန် သော်လည်းကောင်း |
| **ပြု** | ပြုနေသမျှ ကာလပတ်လုံး သို့တည်း မဟုတ် |
| **အား** | ပြုရန် အားထုတ်နေသမျှ ကာလပတ်လုံး သို့တည်းမဟုတ် |
| **တစ်မုဟုတ်ချင်းသေ** | တစ်မုဟုတ်ချင်း သေရမည်ဟုသော်လည်းကောင်း |
| **နာ** | တစ်မုဟုတ်ချင်း နာကျင်ခြင်း ခံရမည်ဟုသော်လည်းကောင်း |
| **နှောင်** | တစ်မုဟုတ်ချင်း ကိုယ်တိုင် အချုပ်အနှောင်ခံရမည်ဟု သော်လည်းကောင်း |
| **ကြောက်အောင်** | ကြောက်ရွံ့ဖွယ်ဖြစ်လောက်အောင် ကျူးလွန်သူက ပြုနေသမျှ ကာလပတ်လုံး ဆက်လက် တည်ရှိသည်။ |

အပိုဒ် (၃) **ကာလပတ်လုံး။** ။ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ကျော်နင်းမှုမှ သို့တည်းမဟုတ် အကျိုး ဖျက်ဆီးမှုမှ ပစ္စည်းကာကွယ်ခုခံပိုင်ခွင့်သည် ပြစ်မှု ကျူးလွန်သူက ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ကျော်နင်းမှုကို သို့တည်းမဟုတ် အကျိုးဖျက်ဆီးမှုကို ကျူးလွန်နေသမျှ ကာလပတ်လုံး ဆက်လက်တည်ရှိသည်။

အပိုဒ် (၄) **ကာလပတ်လုံး။** ။ ညဉ့်အခါ အိမ်ဖောက်ထွင်းမှုမှ ပစ္စည်းကာကွယ်ခုခံပိုင်ခွင့်သည် ပြစ်မှု ကျူးလွန်သူက အိမ် ဖောက်ထွင်းခြင်းဖြင့် အစပြုသော အိမ်ကျော်နင်းမှုကို ကျူးလွန်နေသမျှ ကာလပတ်လုံး ဆက်လက် တည်ရှိသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

**စီရင်ထုံး**

သူခိုးသည် ပစ္စည်းကို ယူ၍ ထွက်ပြေးနေစဉ်အချိန်၌ ပစ္စည်းနှင့်အတူ လွတ်မြောက်သွားပြီဟု မဆိုနိုင်သေးသဖြင့် ကာကွယ်ခုခံပိုင်ခွင့် ရှိသေးသည်ဟု ယူဆရမည် ဖြစ်သည်။ သို့ရာတွင် သူခိုးသည် ပစ္စည်းကို ပစ်ချ၍ ထွက်ပြေးသွားလျှင်မူ ကာကွယ်ခုခံပိုင်ခွင့် ကုန်ဆုံးသွားပြီ ဖြစ်၍ ပစ္စည်းပိုင်ရှင်သည် သူခိုး၏နောက်သို့ လိုက်၍ ရိုက်နှက်ခြင်း မပြုနိုင်။

ပုကယ် နှင့် အစိုးရ
အေအိုင်အာ ၁၉၃၃ ရန်ကုန် ၃၄၀

**ပုဒ်မ ၁၀၆။** သေစေရန် စိုးရိမ်ဖွယ်ရာ အကြောင်း ရှိသည့် လက်ရောက်မှုမှ ကာကွယ် ခုခံပိုင်ခွင့်ကို ဆောင်ရွက်ရာတွင် ကာကွယ်သူသည် အပြစ် မရှိသူ တစ်ဦးတစ်ယောက်ကို ဘေးအန္တရာယ် မဖြစ်စေနိုင်ဘဲ ထိုအခွင့်အရေးကို ဖြစ်မြောက်အောင် မသုံးနိုင်သော အခြေသို့ ရောက်နေလျှင် ထိုအပြစ်မရှိသူအား ဘေးအန္တရာယ် ဖြစ်စေနိုင်မည့်အကြောင်း ရှိသော်လည်း မိမိ၌ ကာကွယ်ခုခံပိုင်ခွင့် ရှိသည်။

**ဥပမာ**

လူတစ်စုသည် မောင်ဖြူကို သတ်ရန် အားထုတ်၍ မောင်ဖြူကို အန္တရာယ်ပြု၏။ မောင်ဖြူသည် ထိုလူစုကို သေနတ်နှင့် မပစ်မခတ်ဘဲ ကာကွယ် ခုခံပိုင်ခွင့်ကို ဖြစ်မြောက်အောင် မသုံးနိုင်သည့် အခြေသို့ ရောက်ရှိနေသည်။ ပစ်ခတ်ပြန်လျှင်လည်း ထိုလူစုနှင့် ရောနှောလျက်ရှိသည့် ကလေးများကို အန္တရာယ် မဖြစ်နိုင်စေဘဲ မပစ်မခတ်နိုင်တော့သော အခြေအနေသို့ ရောက်ရှိနေသည်။ ထိုအခြေအနေတွင် သေနတ်နှင့် ပစ်သတ်ခြင်းကြောင့် ကလေးတစ်ယောက်ကို ဘေးအန္တရာယ် ဖြစ်စေခဲ့သော်လည်း ကာကွယ်ခုခံသူ မောင်ဖြူသည် ပြစ်မှု ကျူးလွန်ရာ မရောက်။


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)

# အားပေးကူညီမှု

## (Of Abetment)

ပြစ်မှုများကို အားပေးကူညီသူ ရှိ၍သာ ပို၍ ကျူးလွန်ကြကြောင်း တွေ့ရသဖြင့် ဥပဒေက ပြစ်မှု ကျူးလွန်သူကိုသာမက ပြစ်မှု ကျူးလွန်ရန် အားပေးကူညီသူကိုလည်း အပြစ်ပေးသည်။

ရာဇသတ်ကြီး အခန်း (၅) တွင် 'အားပေးကူညီမှု' ခေါင်းစဉ်ဖြင့် ပုဒ်မ ၁၀၇ မှ ၁၂၀ အထိ ပုဒ်မ ၁၄ ခု ပြဋ္ဌာန်းထားသည်။ ယင်းတို့ကို လေ့လာကြည့်လျှင်-

- ပုဒ်မ ၁၀၇ တွင် 'အားပေးကူညီမှု'၊
- ပုဒ်မ ၁၀၈ တွင် 'အားပေးကူညီသူ'၊
- ပုဒ်မ ၁၀၉ နှင့် ပုဒ်မ ၁၁၄ တွင် 'အားပေးကူညီမှု'အတွက် ပြစ်ဒဏ်၊
- ပုဒ်မ ၁၁၀ မှ ၁၁၃ နှင့် ၁၁၅ မှ ၁၂၀ တို့တွင် 'အားပေးကူညီသူ ကျခံရမည့် ပြစ်ဒဏ်'များကို ပြဆိုထားသည်။

ယင်းတို့အနက်မှ ပုဒ်မ ၁၀၇၊ ပုဒ်မ ၁၁၀ မှ ၁၁၃၊ ပုဒ်မ ၁၁၅၊ ၁၁၆ နှင့် ပုဒ်မ ၁၁၈ မှ ၁၂၀ အထိ ပုဒ်မပေါင်း ၁၀ ခုကို အောက်ပါအတိုင်း မှတ်သားနိုင်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

'လှံ့ပေါင်းကူညီ

A E I O D

မချန်ရင်လည်း

ခံရမည်'

- 'လှံ့ပေါင်းကူညီ'သည် ပုဒ်မ ၁၀၇၊
- A E I O D သည် ပုဒ်မ ၁၁၀၊ ၁၁၁၊ ၁၁၂ နှင့် ၁၁၃၊
- မချန် = မ + ချန်

  'မ'သည် အားပေးသော်လည်း ပြစ်မှု မကျူးလွန် - ပုဒ်မ ၁၁၅ နှင့် ၁၁၆၊
- 'ချန်'သည် ထိန်ချန်မှုအတွက် ပြစ်ဒဏ်ပုဒ်မ ၁၁၈၊ ၁၁၉ နှင့် ၁၂၀။

## (၁) အားပေးကူညီခြင်း

အရာတစ်ခု ပြုခြင်းကို တစ်ဦးတစ်ယောက်သောသူက အားပေးကူညီသည် ဆိုခြင်းမှာ -

| | | |
|---|---|---|
| **လှံ့** | ပထမ | တစ်ဦးတစ်ယောက်သောသူအား ထိုအရာကို ပြုစေရန် လှံ့ဆော်ခြင်း သို့တည်းမဟုတ် |
| **ပေါင်း** | ဒုတိယ | ထိုအရာကို ပြုစေရန် အခြားသူတစ်ဦးနှင့် ဖြစ်စေ၊ အများနှင့် ဖြစ်စေ ပူးပေါင်းကြံစည်သည့် အတိုင်းလည်း ဖြစ်၍ ထိုအရာကို ပြုလုပ်ရန် အလို့ငှာ ဖြစ်သော ပြုလုပ်မှု တစ်ခု သော်လည်းကောင်း၊ ဥပဒေနှင့်မညီ ပျက်ကွက်မှု တစ်ခု သော်လည်းကောင်း ဖြစ်ပွားလျှင် ထိုသို့ မိမိက ပူးပေါင်းကြံစည်ခြင်း သို့တည်းမဟုတ် |
| **ကူညီ** | တတိယ | ပြုလုပ်မှုဖြင့် သော်လည်းကောင်း၊ ဥပဒေနှင့် မညီ ပျက်ကွက်မှုဖြင့် သော်လည်းကောင်း ထိုအရာကို ပြုခြင်းကို တမင် ကူပံ့ခြင်းတို့ ဖြစ်သည်။ |



mgyoe.com

mgyoe.com
SAMPLE BOOK

**ရှင်းလင်းချက်(၁)။** ။ မည်သူမဆို မမှန်သည့် အကြောင်းခြင်းရာတစ်ခုကို မမှန်ကြောင်း သိလျက်နှင့် တမင် ပြောဆိုခြင်းဖြင့် ဖြစ်စေ၊ အရေးပါသော အကြောင်းခြင်းရာတစ်ခုကို ဖော်ထုတ်ရန် တာဝန်ရှိလျက် တမင် ထိန်ချန်ခြင်းဖြင့် ဖြစ်စေ၊ မိမိအလိုအလျောက် သူတစ်ပါးအား အရာတစ်ခုကို ပြုစေလျှင် သို့တည်းမဟုတ် ထိုသို့ ပြုစေရန် အားထုတ်လျှင် သို့တည်းမဟုတ် အရာတစ်ခု ပြုမှုကို မိမိအလိုအလျောက် ဖြစ်မြောက်စေရန် သို့တည်းမဟုတ် ထိုသို့ ဖြစ်မြောက်စေရန် အားထုတ်လျှင် ထိုသူသည် ထိုအရာကို ပြုစေရန် လှုံ့ဆော်သည် မည်၏။

**ဥပမာ**

ပြည်သူ့ဝန်ထမ်း မောင်ဖြူသည် မောင်ညိုကို ဖမ်းဆီးရန် တရားရုံးမှ ဝရမ်းအမိန့် ရရှိ၏။ ထိုသို့ အမိန့် ရရှိကြောင်းကို မောင်မဲက သိ၏။ မောင်ဝါ အဖမ်းခံရလေအောင် မောင်ဝါသည် မောင်ညို မဟုတ်ကြောင်း သိလျက်နှင့် မောင်ညို ဖြစ်သည်ဟု မောင်ဖြူအား မောင်မဲက တမင် ပြောဆိုသဖြင့် မောင်ဝါ အဖမ်းခံရ၏။ ဤအမှုတွင် မောင်မဲသည် လှုံ့ဆော်ခြင်းဖြင့် အားပေးကူညီ၏။

**ရှင်းလင်းချက် (၂)။** ။ မည်သူမဆို ပြုလုပ်မှုတစ်ခုကို မပြုမီ ဖြစ်စေ၊ ပြုဆဲအခါတွင် ဖြစ်စေ ထိုပြုလုပ်မှု ဖြစ်မြောက် လွယ်ကူစေခြင်းငှာ အရာ တစ်ခုခုကို ပြု၍ ထိုသို့ ပြုခြင်းအားဖြင့် ပြုလုပ်မှု ဖြစ်မြောက်ရန် လွယ်ကူစေလျှင် ထိုသူသည် ထိုပြုလုပ်မှုကို ပြုရန် ကူပံ့သည် မည်၏။

**စီရင်ထုံး**

ပြစ်မှု ကျူးလွန်သည့်အဆင့် မကျော်လွန်မီ တစ်ချိန်ချိန်၌ ပြစ်မှု ကျူးလွန်သည့် ကိစ္စတွင် တစ်နည်းနည်းဖြင့် ထိထိရောက်ရောက် ပါဝင်ခဲ့မှသာ ပြစ်မှုဆိုင်ရာ ဥပဒေအရ အားပေးကူညီသည်ဟု ဆိုနိုင်မည် ဖြစ်သည်။ ပြစ်မှုကျူးလွန်ရာ၌ ရှိနေသည့် အကြောင်းကြောင့် ပြစ်မှု ကျူးလွန်ခြင်းကို အားပေးကူညီသည်ဟု ယူဆရန် မဟုတ်ချေ။ ဥပမာ- လူတစ်ယောက်

mgyoe.com

mgyoe.com
SAMPLE BOOK

သည် အခြားလူက လူသတ်မှု ကျူးလွန်စဉ် အနီး၌ ရှိသော်လည်း ပြစ်မှု ကျူးလွန်ရာ၌ ကိုယ်ထိလက်ရောက် ပါဝင်ခြင်း မရှိလျှင် ပြစ်မှု ကျူးလွန်ခြင်းကို တားဆီးခြင်း သော်လည်းကောင်း၊ ပြစ်မှု ကျူးလွန်သူကို ဖမ်းဆီးခြင်း သော်လည်းကောင်း မပြုသည့်အကြောင်းကြောင့် လူသတ်မှု ကျူးလွန်ခြင်းကို အားပေးကူညီသည်ဟု ဆိုနိုင်မည် မဟုတ်။ လှုံ့ဆော်ခြင်း၊ ကူပံ့ခြင်း မရှိက အားပေးကူညီရာ မရောက်။ သို့ဖြစ်ရာ ကိုယ်စားလှယ် ကျူးလွန်သည့် ပြစ်မှုအတွက် အကြီးအကဲက လှုံ့ဆော်ခြင်း၊ ကူပံ့ခြင်း မပြုလျှင် အားပေးကူညီမှုဖြင့် အကြီးအကဲအား အရေးမယူနိုင်။

မောင်နွယ် နှင့် မောင်ဖိုးလှ

၁၉၃၇ ရန်ကုန်စီရင်ထုံး ၂၄၆

ပြစ်မှုကျူးလွန်ရန် အကြံအစည် ရှိကာမျှဖြင့် ပူးပေါင်းကြံစည်ခြင်း မမြောက်ပေ။ ပြစ်မှု ကျူးလွန်ရန် အကြံရှိသည်ကို ပူးပေါင်း၍ ပြုရန် သဘောတူညီမှသာ ပူးပေါင်းကြံစည်သည်ဟု ဆိုနိုင်မည် ဖြစ်သည်။ သို့ဖြစ်ရာ ပြုလုပ်မှု တစ်စုံတစ်ရာ မရှိသည့် ပူးပေါင်းကြံစည်ခြင်းသည် အားပေးကူညီမှု မမြောက်ချေ။

*ဂျိဘင်း နှင့် အမင်နရယ်*

အတွဲ (၁၄)၊ ရန်ကုန် ၅၉၇ (၆၀၄)

(မှတ်ချက်။ ။ အင်္ဂလိပ်သဒ္ဒါ၏ ယေဘုယျ စည်းမျဉ်းတစ်ခုမှာ a, e, i, o, u ရှေ့တွင် an ထည့်ရသည်။ a,e,i,o,u အစား A, E, I, O, D ဟု ပြောင်းလဲ မှတ်သားခြင်း ဖြစ်သည်။)

D သည် different (ကွဲပြားသော) ကို ကိုယ်စားပြုသည်။ ထို့ကြောင့် DA သည် different act (ကွဲလွဲသော ပြုလုပ်မှု) (ပုဒ်မ ၁၁၁)

DE သည် different effect (ကွဲလွဲသော အကျိုးသက်ရောက်မှု) (ပုဒ်မ ၁၁၃)

DI သည် different intention (ကွဲလွဲသော ကြံရွယ်ချက်) (ပုဒ်မ ၁၁၀)

သို့သော် DO သည် distinct offence (ပုဒ်မ ၁၁၂) ကို ကိုယ်စားပြုသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

## (၂) DIFFERENT INTENTION

**ပုဒ်မ ၁၁၀။** မည်သူမဆို ပြစ်မှုကျူးလွန်ခြင်းကို အားပေး ကူညီရာတွင် အားပေးခံရသူက အားပေးကူညီသူ၏ ကြံရွယ်ချက်အတိုင်း သို့တည်းမဟုတ် အသိဉာဏ်အတိုင်း မဟုတ်ဘဲ ကွဲလွဲသော ကြံရွယ်ချက်နှင့် သို့တည်းမဟုတ် အသိဉာဏ်နှင့် ပြုသော်လည်း အားပေးကူညီသူသည် အကယ်၍ အားပေးကူညီသူ၏ ကြံရွယ်ချက်နှင့် သို့တည်းမဟုတ် အသိဉာဏ်နှင့် အားပေးကူညီခြင်း ခံရသူက ပြုခဲ့သော် ကျူးလွန်ခြင်း ဖြစ်နိုင်မည့် ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်း ခံစေရမည်။

**စီရင်ထုံး**

အားပေးကူညီသူ၏ ကြံရွယ်ချက်အတိုင်း မဟုတ်ဘဲ အားပေးကူညီခြင်း ခံရသူက ကွဲလွဲသော ကြံရွယ်ချက်နှင့် ပြုလုပ်လျှင် ပုဒ်မ ၁၀၉ နှင့် အကျုံးမဝင်။ ဤပုဒ်မ ၁၁၀ အရသာ ပြစ်မှုမြောက်သည်။

မငွေညွန့် နှင့် အစိုးရ
(၁၈၉၇-၀၁) အထက်မြန်မာပြည် စီရင်ထုံး ၂၄၉

**မှတ်ချက်။** ။ ပုဒ်မ ၁၀၉ နှင့် ၁၁၄ ကို နောက်ပိုင်းတွင် ဖော်ပြပါမည်။

## (၃) DIFFERENT ACT (DA)

**ပုဒ်မ ၁၁၁။** ပြစ်မှုကို အားပေးကူညီရာတွင် ကွဲလွဲသော ပြုလုပ်မှုကို ပြုခဲ့သော် အားပေးကူညီသူသည် ထိုကွဲလွဲသော ပြုလုပ်မှုကို တိုက်ရိုက် အားပေးကူညီဘိသကဲ့သို့ ထပ်တူထပ်မျှ တာဝန်ရှိသည်။

**ခြွင်းချက်။** ။သို့ရာတွင် ကွဲလွဲသော ပြုလုပ်မှုသည် အားပေးကူညီခြင်းကြောင့် ဖြစ်ဖွယ်ရာအကြောင်းရှိသော ပြုလုပ်မှုလည်း ဖြစ်ရမည့်အပြင် လှုံ့ဆော်ခြင်း၏ ပယောဂကြောင့် ဖြစ်စေ၊ အားပေးကူညီခြင်း မြောက်သော ပူးပေါင်းကြံစည်မှု၏ အကူအပံ့နှင့် ဖြစ်စေ၊ ထို ပူးပေါင်းကြံစည်သည့်အတိုင်း ဖြစ်စေ ကျူးလွန်သော ပြုလုပ်မှုလည်း ဖြစ်ရမည်။


mgyoe.com

mgyoe.com
SAMPLE BOOK

ဥပမာများ

(က) မောင်ဖြူက မောင်ညို၏ အစာတွင် အဆိပ်ခတ်ရန် ကလေးတစ်ယောက်ကို လှုံ့ဆော်လျက် အဆိပ်ကို ပေး၏။ ထိုကလေးသည် မောင်ဖြူ လှုံ့ဆော်သည့်အတိုင်း အဆိပ်ခတ်ရာ၌ မှားယွင်း၍ မောင်ညို၏အစာ အနီးရှိ မောင်နီ၏အစာတွင် အဆိပ်ခတ်မိ၏။ ဤအမှုတွင် အကယ်၍ ကလေးသည် မောင်ဖြူ၏ လှုံ့ဆော်မှု ပယောဂကြောင့် ဤကဲ့သို့ ပြုနေရခြင်း ဖြစ်၍ ထိုပြုလုပ်မှုသည်လည်း မောင်ဖြူ၏ အားပေးကူညီခြင်းကြောင့် ဖြစ်ဖွယ်ရာအကြောင်း ရှိသည့် အခြေအနေအရ ကျူးလွန်သော ပြုလုပ်မှု ဖြစ်လျှင် မောင်ဖြူသည် မောင်နီ၏ အစာတွင် အဆိပ်ခတ်စေရန် ကလေးကို လှုံ့ဆော်ဘိသကဲ့သို့ ထပ်တူထပ်မျှ တာဝန်ရှိသည်။

(ခ) မောင်ညို၏အိမ်ကို မီးရှို့ရန် မောင်ဖြူက မောင်မဲကို လှုံ့ဆော်၏။ မောင်မဲက အိမ်ကို မီးရှို့သည်သာမက ထိုအိမ်မှ ပစ္စည်းများကိုပါ ခိုးယူ၏။ မောင်ဖြူသည် အိမ်ကို မီးရှို့ရန် အားပေးကူညီသည့်အတွက်သာလျှင် ပြစ်ဒဏ်ထိုက်သင့်သည်။ ခိုးမှုကို အားပေးကူညီသည့် ပြစ်မှုအတွက် ပြစ်ဒဏ်မထိုက်။ အဘယ်ကြောင့် ဆိုသော် ခိုးမှုသည် သီးခြား ပြုလုပ်မှု ဖြစ်သည့်အပြင် အိမ်ကို မီးရှို့ခြင်းကြောင့် ဖြစ်ဖွယ်ရာအကြောင်း ရှိသည့် ပြုလုပ်မှုမျိုးလည်း မဟုတ်သောကြောင့် ဖြစ်သည်။

(ဂ) ပစ္စည်းကိုလုရန်အလို့ငှာ လူနေအိမ်တစ်ဆောင်ကို သန်းခေါင်အချိန် ဖောက်ထွင်း ဝင်ရောက်စေရန် မောင်ဖြူက မောင်မဲနှင့် မောင်နီကို လှုံ့ဆော်၍ ထိုကိစ္စအတွက် လက်နက်များကို ပေး၏။ မောင်မဲနှင့် မောင်နီတို့သည် အိမ်ကို ဖောက်ထွင်းဝင်ရာ အိမ်သား မောင်ညိုက ခုခံသဖြင့် မောင်ညိုကို သတ်ကြ၏။ ဤလူသတ်မှုသည် မောင်ဖြူ၏ အားပေးကူညီခြင်းကြောင့် ဖြစ်ဖွယ်ရာအကြောင်းရှိလျှင် မောင်ဖြူသည် လူသတ်မှုအတွက် ပြဋ္ဌာန်းသော ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

**စီရင်ထုံး**

ပုဒ်မ ၁၀၇ ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၌ အားပေးကူညီခြင်းတွင် လှုံ့ဆော်ခြင်း၊ ပူးပေါင်းကြံစည်ခြင်းနှင့် တမင် ကူပံ့ခြင်းတို့ ပါဝင်သည်။ ပြုလုပ်မှုတစ်ခုကို လှုံ့ဆော်၍ အားပေးကူညီလျှင် လှုံ့ဆော်သည့်အတိုင်း မဟုတ်စေကာမူ လှုံ့ဆော်ခြင်းကြောင့် ဖြစ်တန်ရာသော ပြုလုပ်မှုမျိုး ဖြစ်လျှင် ဤပုဒ်မနှင့် အကျုံးဝင်သည်။ သို့ရာတွင် ပူးပေါင်းကြံစည်သည့် အားပေးကူညီမှု၊ တမင် ကူပံ့သည့် အားပေးကူညီမှုတို့တွင်မူ ပူးပေါင်း ကြံစည်၍ ဖြစ်စေ၊ တမင် ကူပံ့၍ ဖြစ်စေ ဖြစ်တန်ရာသော ပြုလုပ်မှုမျိုး ဖြစ်သည်သာမက ပူးပေါင်းကြံစည်သည့်အတိုင်း၊ တမင် ကူပံ့သည့်အတိုင်း ဖြစ်စေရမည်။ သို့မှသာ ဤပုဒ်မအရ အားပေးကူညီမှု မြောက်မည်။

*ဘိုးရာ နှင့် အစိုးရ*

အတွဲ (၁၁)၊ အောက်မြန်မာပြည် စီရင်ထုံး ၉၉

## (၄) DISTINCT OFFENCE (DO)

**ပုဒ်မ ၁၁၂။** အားပေးကူညီခြင်း ခံရသော ပြုလုပ်မှုအပြင် တစ်ဆက်တည်း ဖြစ်သော အထက် ပုဒ်မ (ပုဒ်မ ၁၁၁) အရ အားပေးကူညီသူ၌ တာဝန်ရှိသည့် ပြုလုပ်မှုကိုလည်း ပြုလျှင်၊ ထို့ပြင် ထိုပြုလုပ်မှုသည် ပြစ်မှု အသီးအခြား ဖြစ်လျှင် အားပေးကူညီသူသည် ပြစ်မှုအသီးသီးအတွက် ပြစ်ဒဏ် ချမှတ်ခြင်း ခံထိုက်သည်။

**ဥပမာ**

ပြည်သူ့ဝန်ထမ်းတစ်ဦးက ပစ္စည်းကို ဝရမ်းဖမ်းခြင်းကို အတင်းအကျပ်ခုခံစေရန် မောင်ဖြူက မောင်မဲကို လှုံ့ဆော်၏။ ထို့ကြောင့် ဝရမ်းဖမ်းသည်ကို မောင်မဲက ခုခံ၏။ ထိုသို့ ခုခံရာတွင် မောင်မဲသည် ဝရမ်းဖမ်းသူအရာရှိကို မိမိအလိုအလျောက် အပြင်းအထန် နာကျင်အောင် ပြု၏။ မောင်မဲသည် ပစ္စည်းကို ဝရမ်းဖမ်းခြင်းကို ခုခံသည့် ပြစ်မှုအပြင် မိမိ

mgyoe.com

mgyoe.com SAMPLE BOOK

အလိုအလျောက် အပြင်းအထန် နာကျင်အောင်ပြုသည့် ပြစ်မှုကိုလည်း ကျူးလွန်သည် ဖြစ်သောကြောင့် ထိုပြစ်မှု နှစ်ရပ်စလုံးအတွက် ပြစ်ဒဏ် ချမှတ်ခြင်း ခံထိုက်သည်။ ပစ္စည်း ဝရမ်းဖမ်းခြင်းကို ခုခံရာတွင် မောင်မဲ သည် မိမိအလိုအလျောက် အပြင်းအထန် နာကျင်အောင် ပြုတန်ရာ သည်ကို မောင်ဖြူ သိခဲ့လျှင် မောင်ဖြူသည်လည်း ထိုပြစ်မှုအသီးသီး အတွက် ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သည်။

## (၅) DIFFERENT EFFECT (DE)

**ပုဒ်မ ၁၁၃။** အားပေး ကူညီသူက အကျိုးသက်ရောက်မှု တစ်ခု ဖြစ်စေရန် ကြံရွယ်လျက် ပြုလုပ်မှုတစ်ခုကို အားပေး ကူညီရာ၌၊ ထို့ပြင် ထိုအားပေး ကူညီမှုကြောင့် မိမိ၌ တာဝန်မကင်း ဖြစ်သည့် ပြုလုပ်မှုတစ်ခုသည် မိမိ ကြံရွယ်သည့်အတိုင်း မဟုတ်သော အခြား အကျိုးသက်ရောက်မှုတစ်ခုကို ဖြစ်စေရာ၌ အားပေးကူညီခြင်း ခံရသော ပြုလုပ်မှုကြောင့် ထိုအခြားအကျိုးသက်ရောက်မှုကို ပေါ်ပေါက် တန်ရာသည်ကို အားပေးကူညီသူက သိလျှင် ထိုအားပေးကူညီသူသည် ထို အခြားအကျိုးသက်ရောက်မှုအတွက် ကြံရွယ်၍ အားပေးကူညီဘိ သကဲ့သို့ ထပ်တူထပ်မျှ တာဝန်ရှိသည်။

**ဥပမာ**

မောင်ညိုကို အပြင်းအထန် နာကျင်အောင် ပြုရန် မောင်ဖြူက မောင်မဲ ကို လှုံ့ဆော်၏။ ထိုသို့ လှုံ့ဆော်သည့်အတိုင်း မောင်မဲက မောင်ညိုကို အပြင်းအထန် နာကျင်အောင် ပြုသဖြင့် မောင်ညို သေ၏။ ဤအမှုတွင် အားပေးကူညီခြင်းကြောင့် အပြင်းအထန် နာကျင်စေရန် ပြုခြင်းသည် သေစေတန်ရာသည်ဟု မောင်ဖြူ သိခဲ့လျှင် မောင်ဖြူသည် လူသတ်မှု အတွက် ပြဋ္ဌာန်းသည့် ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

## (၆) မ – အားပေး ကူညီခြင်း ခံရသူ ပြစ်မှု မကျူးလွန်လျှင် အားပေးကူညီသူ ကျခံရမည့်ပြစ်ဒဏ် (If offence not committed)

**ပုဒ်မ ၁၁၅။** မည်သူမဆို သေဒဏ် ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ ထိုက်သင့်သော ပြစ်မှု တစ်ခုခုကို ကျူးလွန်ရန် အားပေးကူညီသော်လည်း ထိုပြစ်မှုကို ကျူးလွန်ခြင်း မရှိ၊ ထိုအားပေး ကူညီသူအတွက်လည်း ဤရာဇသတ်ကြီးအရ ပြစ်ဒဏ် အတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိလျှင် ထိုသူကို ၇ နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ထို့ပြင် ဆိုခဲ့သော အားပေး ကူညီမှုကြောင့် အားပေး ကူညီသူ၌ တာဝန်ရှိသည်လည်း ဖြစ်၍ တစ်ဦးတစ်ယောက်ကို နာကျင်စေမှုလည်း ဖြစ်သော ပြုလုပ်မှုကို အားပေးကူညီခြင်း ခံရသူက ပြုလျှင် အားပေး ကူညီသူကို ၁၄ နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်၊

ဥပမာ

မောင်ညိုကို သတ်ရန် မောင်ဖြူက မောင်မဲကို လှုံ့ဆော်သော်လည်း မောင်မဲက ထိုပြစ်မှုကို ကျူးလွန် ခြင်း မရှိ။ မောင်မဲသည် မောင်ညိုကို သတ်ခဲ့လျှင် မောင်ဖြူသည် သေဒဏ် ဖြစ်စေ၊ တစ်သက်တစ်ကျွန်း ဒဏ် ဖြစ်စေ ထိုက်သင့်မည်။ မောင်မဲက လူသတ်မှုကို မကျူးလွန်လျှင် မောင်ဖြူသည် ၇ နှစ်အထိ ထောင်ဒဏ်အပြင် ငွေဒဏ်လည်း ထိုက်သင့်သည်။ အားပေးကူညီခြင်းကြောင့် မောင်ညိုအား နာကျင်မှုကို ပြုခဲ့လျှင် မောင်ဖြူသည် ၁၄ နှစ်အထိ ထောင်ဒဏ်အပြင် ငွေဒဏ်လည်း ထိုက်သင့်မည်။

**ပုဒ်မ ၁၁၆။** မည်သူမဆို ထောင်ဒဏ် ထိုက်သင့်သော ပြစ်မှုကို အားပေးသော်လည်း ထိုပြစ်မှုကို ကျူးလွန်ခြင်း မရှိ၊ ထိုအားပေး ကူညီမှုအတွက်လည်း ဤရာဇသတ်ကြီးအရ ပြစ်ဒဏ်

mgyoe.com

mgyoe.com
SAMPLE BOOK

အတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိလျှင် အားပေးကူညီခြင်း ခံရသော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံး ထောင်ဒဏ် တစ်မျိုးမျိုး၏ လေးပုံ၀၊စ်ပုံအထိ ဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ထိုသူအား ချမှတ်ရမည်။

အားပေးကူညီသူ ဖြစ်စေ၊ အားပေးကူညီခြင်းခံရသူ ဖြစ်စေ ဆိုခဲ့သည့် ပြစ်မှုမျိုး ကျူးလွန်ခြင်းကို တားမြစ်ရန် တာဝန်ဝတ္တရား ရှိသော ပြည်သူ့ဝန်ထမ်း ဖြစ်လျှင် အားပေးကူညီခြင်း ခံရသော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံးထောင်ဒဏ် တစ်မျိုးမျိုး၏ ထက်ဝက် ဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ အားပေးကူညီသူကို ချမှတ်ရမည်။

ဥပမာများ

(က) ပြည်သူ့ဝန်ထမ်း မောင်မဲသည် ရာထူးအလျောက် အလုပ်ဝတ္တရားများကို ဆောင်ရွက်သည်တွင် အခွင့်အရေး ပေးပါမည့်အကြောင်းဖြင့် မောင်ဖြူက လာဘ်ပေးသည်ကို မောင်မဲက လက်မခံ ငြင်းပယ်သော်လည်း မောင်ဖြူမှာ ဤပုဒ်မအရ ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သည်။

(ခ) မုသားသက်သေခံရန် မောင်ဖြူက မောင်မဲကို လှုံ့ဆော်သည်တွင် မောင်မဲက မုသား သက်သေမခံသော်လည်း မောင်ဖြူမှာ ဤပုဒ်မတွင် အဓိပ္ပာယ် ပိုင်းခြား ဖော်ပြသော ပြစ်မှုကို ကျူးလွန်ရာရောက်သည် ဖြစ်၍ ထိုပြစ်မှုအတွက် ပြစ်ဒဏ်ချမှတ်ခြင်း ခံထိုက်သည်။

(ဂ) လုယက်မှုကို တားမြစ်ရန် တာဝန်ဝတ္တရားရှိသော ရဲအရာရှိ မောင်ဖြူသည် လုယက်မှုကို ကျူးလွန်ရန် အားပေး ကူညီရာတွင် လုယက်မှုကို ကျူးလွန်ခြင်း မရှိသော်လည်း မောင်ဖြူမှာ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံး ထောင်ဒဏ် တစ်မျိုးမျိုး၏ ထက်ဝက်အပြင် ငွေဒဏ်လည်း ထိုက်သင့်သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

## (၇) ချုန် – ထိန်ချန်မှုကြောင့် အားပေးကူညီသူ ကျခံရမည့် ပြစ်ဒဏ်များ (Concealing design to commit offence)

**ပုဒ်မ ၁၁၈။** သေဒဏ် ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ ထိုက်သင့်သော ပြစ်မှု တစ်ခုခု ကျူးလွန်ခြင်းကို လွယ်ကူစေရန် ကြံရွယ်၍ သော်လည်းကောင်း၊ လွယ်ကူအောင်မိမိက ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မည်သူမဆို ပြုလုပ်မှုဖြင့် ဖြစ်စေ၊ ဥပဒေနှင့် ဆန့်ကျင်သော ပျက်ကွက်မှုပြုခြင်းဖြင့် ဖြစ်စေ ထိုပြစ်မှုကို ကျူးလွန်ရန် စီစဉ်ချက် ရှိကြောင်းကို မိမိ အလိုအလျောက် ထိန်ချန်လျှင် သို့တည်းမဟုတ် ထိုစီစဉ်ချက်နှင့် စပ်လျဉ်း၍ မမှန်သည်ကို သိလျက်နှင့် မှန်သည့်အနေဖြင့် မိမိအလိုအလျောက် ပြောလျှင် ထိုသူကို အဆိုပါ ပြစ်မှု ကျူးလွန်ခြင်း ရှိပါက ၇ နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အဆိုပါ ပြစ်မှု ကျူးလွန်ခြင်း မရှိပါက ၃ နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ဥပမာ

ရွာသစ်ရွာတွင် ဓားပြတိုက်မည့်အကြောင်းကို မောင်ဖြူ သိလျက်နှင့် ရွာသစ်ရွာ၏တစ်ဖက် ညောင်ပင်ရွာတွင် ဓားပြတိုက်လိမ့်မည်ဟု ရာဇဝတ် တရားသူကြီးကို မမှန်သတင်း ပေး၏။ ဤတွင် ပြစ်မှု ကျူးလွန်ခြင်းကို လွယ်ကူစေရန် ကြံရွယ်ချက်နှင့် ရာဇဝတ် တရားသူကြီးကို အထင်လွဲမှားအောင် ပြု၏။ ထို့နောက် စီစဉ်ချက်အတိုင်း ရွာသစ်ရွာတွင် ဓားပြတိုက်သည်။ မောင်ဖြူသည် ဤပုဒ်မအရ ပြစ်ဒဏ် ချမှတ်ခြင်း ခံထိုက်သည်။

**ပုဒ်မ ၁၁၉။** ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ပြစ်မှုတစ်ခုကို တားမြစ်ရန် တာဝန်ဝတ္တရားရှိသော ပြည်သူ့ဝန်ထမ်းသည် ထိုပြစ်မှု ကျူးလွန်ခြင်းကို လွယ်ကူစေရန် ကြံရွယ်၍ သော်လည်းကောင်း၊ လွယ်ကူ


mgyoe.com